ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (16-10-2005)(၄၇၅၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုအားပေး

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အခြေခံပညာအဆင့် အသက် (၁၀-၁၅) နှစ် (အမျိုးသမီး) အကပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မစုပိုပိုအောင် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (ကြေးမုံ)

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ အစီအစဉ်များကျင်းပ ပြည်သူများတစ်ခဲနက် လာရောက်ကြည့်ရှု သောတဆင် အားပေး

မဟာဂီတသီချင်းကြီး အဆိုပြိုင်ပွဲ

အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသမီး) မဟာဂီတသီချင်းကြီး အဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မဖြူဖြူအောင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၅

သမိုင်းအစဉ်အလာကောင်းမြတ်ခဲ့သည့် မြန်မာလူမျိုးတို့၏ အမျိုးသားစရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ လူမှုတန်ဖိုးများ ခိုင်ခိုင်မြဲမြဲဆက်လက်ရှင်သန် ဖြစ်ထွန်းနေစေရေးအတွက် အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးလျက်ရှိသည့် တေရသမအကြိမ်(၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ တတိယနေ့ပြိုင်ပွဲအစီအစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော နေရာအသီးသီးတို့၌ ခံ့ညားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပကြသည်။

အသီးသီးကျင်းပ

ယင်းသို့ ကျင်းပကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အရေးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌ လည်းကောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ လည်းကောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အတီးပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ လည်းကောင်း အသီးသီးကျင်းပကြသည်။

ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက အဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေးနာယက အဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၆–၁၀–၂၀၀၅
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မျက်မမြင်ကာကွယ်ရေးလုပ်ငန်းတိုးမြှင့်ဖော်ဆောင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ ၁၃ ရက်နေ့က ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံခန်းမ၌ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ယခုအခါ ကမ္ဘာပေါ်တွင် မျက်မမြင် ၄၅ သန်းကျော်ရှိသည်။ အဆိုပါ မျက်မမြင်များအနက် ကာကွယ်ကုသ၍ရသော မျက်မမြင်များအား အမြင်ပြန်လည်ရရှိစေရန်နှင့် မျက်မမြင်ကာကွယ်ကုသရေးလုပ်ငန်းများကို လက်ရှိအခြေအနေထက် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များထားရှိပြီး ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အခမ်းအနားများကို ကျင်းပနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ လှုပ်ရှားမှုများ စတင်ဆောင်ရွက်ခဲ့သည့် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ငါးနှစ်တာကာလအတွင်း မျက်မမြင်ကာကွယ်ရေး စီမံချက်ဌာနအသစ်လေးခုကို တောင်တွင်းကြီး၊ ဂန့်ဂေါ၊ မြိုင်နှင့် ကျောက်ပန်းတောင်းမြို့တို့၌ ဖွင့်လှစ်ခဲ့သည်။ ထို့အပြင် မျက်စိကုဌာန အသစ်များကိုလည်း ဗန်းမော်၊ တောင်ငူ၊ မအူပင်၊ လှိုင်လင်၊ ပျဉ်းမနားနှင့် ဟသ်ာတတို့၌ ဖွင့်လှစ်ခဲ့ပြီး မျက်စိခွဲစိတ်ကုသမှုပစ္စည်းများ အပြည့်အစုံဖြင့် ပံ့ပိုးကုသပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၌ မျက်မမြင်ဖြစ်စေသည့် အကြောင်းရင်းများကို ဆန်းစစ်ကြည့်လျှင် တစ်ချိန်က မြန်မာနိုင်ငံအလယ်ပိုင်းတွင် အဖြစ်များသော မျက်ခမ်းစပ်ရောဂါသည် မျက်စိကွယ်စေသော အကြောင်းရင်းတစ်ရပ်အဖြစ်တွေ့ရသည်။ ၁၉၆၄ ခုနှစ်မှ စတင်၍ မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေးစီမံကိန်းဖြင့် စဉ်ဆက်မပြတ် တိုက်ဖျက်လာခဲ့ရာ ၁၉၆၀ ပြည့်နှစ်တွင် မျက်ခမ်းစပ်ရောဂါသည် ၄၃ ရာခိုင်နှုန်းခန့် ရှိခဲ့ရာမှ ယခုအခါ တစ်ရာခိုင်နှုန်းခန့်သာ ရှိတော့ကြောင်းသိရသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် မျက်ခမ်းစပ်ရောဂါပြန်လည် ဦးမော့မလာစေရန် စနစ်တကျ စောင့်ကြပ်ထိန်းသိမ်းပေးလျက် ရှိသကဲ့သို့ မျက်စိကွယ်စေသော အဓိကရောဂါများဖြစ်သည့် အတွင်းတိမ်၊ ရေတိမ်ဖြစ်ပွားသူများကိုလည်း နှစ်စဉ်တိုးတက် ခွဲစိတ်ကုသပေးလျက်ရှိသည်။

မျက်စိအထူးကု ဆရာဝန်များအနေဖြင့် ယခင်က ၁၃၀ ခန့်သာရှိရာမှ ယခုအခါ ၂၀၀ ခန့်အထိ တိုးတက်လာလျက်ရှိသည်။ တစ်ချိန်တည်းတွင် မျက်စိရောဂါအထူးပြု သူနာပြုများ၊ မျက်မှန်ကျွမ်းကျင်သူများကိုလည်း ဆက်လက်သင်ကြား မွေးထုတ်ပေးလျက်ရှိသည်။

အခြေခံနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများကိုလည်း မျက်စိကျန်းမာရေး စောင့်ရှောက်မှုသင်တန်းများ အဆက်မပြတ် ပို့ချပေးလျက်ရှိကြောင်းသိရသည်။

မျက်မမြင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျက်မမြင်ကာကွယ်ရေး စီမံချက်တစ်ခုတည်းဖြင့်သာမက ပြည်နယ်နှင့်တိုင်းဆေးရုံကြီးများရှိ မျက်စိကုဌာနများ၊ အခြေခံကျန်းမာရေးဌာနများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များကလည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနက မွန်မြတ်သောလုပ်ငန်းတစ်ခုဖြစ်သည့် မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဖော်ဆောင်လျက်ရှိရာတွင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပိုမိုပူးပေါင်း ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်ဦးအား အိန္ဒိယ ကိုယ်စားလှယ်အဖွဲ့ လာရောက် တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၅

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H. E. Mr. V.K Duggal **ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ ရုံးအဖွဲ့မှူး ဦးကျော်စန်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာ နိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Bhaskar K. Mitra နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. V.K Duggal ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်မြင့်အား အိန္ဒိယကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H. E. Mr. V.K Duggal **ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၄နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဌေး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုး တို့ တက်ရောက်ကြပြီး အိန္ဒိယ သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Bhaskar K. Mitra နှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။
(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်အား အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. V.K Duggal ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

(၅)ကြိမ်မြောက် မဟာသံဃ ပဝါရဏာပွဲတော်

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမ ပါဠိ တက္ကသိုလ်ကျောင်းတိုက်၏ (၅)ကြိမ်မြောက် မဟာသံဃပဝါရဏာပွဲတော်ကို သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့တွင် ပဝါရဏာပြုတော်မူကြမည့် အထက်ပါ ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တ ရဋ္ဌသာရ အမှူးပြုသည့် စာချစာသင် သံဃာတော်များ၊ ပင့်သံဃာတော်များ အပါး ၂၃၀တို့အတွက် ဆွမ်း၊သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းနိုင်ရန် ပွဲတော်ဖြစ်မြောက်ရေး အကျိုးဆောင် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

မဟာစည်ရိပ်သာဘုံကထိန်သင်္ကန်းဆက်ကပ်မည်

ရန်ကုန် အောက်တိုဘာ ၁၅

ဗဟန်းမြို့နယ် အမှတ်(၁၆)သာသနာ့ ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာကြီး၏ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့၏ (၅၆)ကြိမ်မြောက် မဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်ပွဲကို အောက်တိုဘာ ၂၃ရက် (တနင်္ဂနွေနေ့)နံနက် ၇ နာရီမှ စ၍ ဖလ်ယဉ်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသော အလှူရှင် များသည် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ရုံးသို့ လူကိုယ်တိုင် လည်းကောင်း၊ ဖုန်း–၅၄၁၉၇၁ နှင့် ၅၄၅၉၁၈ တို့သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (၁၄)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၅

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day) (၁၄)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း ပြည်သူ့ရင်ပြင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးကြသည်။

ပါဝင်ဆင်နွှဲ

အဆိုပါ မျက်မမြင်လမ်းလျှောက်ပွဲသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယမှ ၂၃၉ဦး၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ၁၃၄ဦး၊ စိန်မေရီမျက်မမြင်အလုပ်ရုံမှ ၄၀၊ သဃ်န်းကျွန်း မသန်စွမ်းသူများ ကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ ၄၂ဦး၊ မိတ္ထီလာမြို့ ရှေ့ဆောင်မျက်မမြင်ကျောင်းမှ ၆၇ဦး၊ ပြင်ဦးလွင် ပရဟိတ မျက်မမြင် ပညာသင်ကျောင်းမှ ၃၁ဦး၊ လှိုင်သာယာ စုပေါင်းအားမာန် မျက်မမြင်အလုပ်သမားအဖွဲ့မှ ၂၈ဦးနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းမှ ၁၇ဦး စုစုပေါင်းမျက်မမြင် ကျား၊ မ၊ လူကြီး၊ ကလေး စုစုပေါင်း ၅၉၈ဦးတို့ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ဒဂုံမြို့နယ် ပြည်လမ်း ပြည်သူ့ရင်ပြင်ရှေ့ရှိ စင်မြင့်ထက်မှ နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အချက်ပေးသေနတ်ပစ်ဖောက်ကာ စတင်တာလွှတ်ပေးသည်။

ထို့နောက် မျက်မမြင်များသည် ပြည်လမ်း၊ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းအတိုင်း မြို့တော်ခန်းမအထိ လမ်းလျှောက်ကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများကလည်း အားပေးလိုက်ပါ လမ်းလျှောက်ကြသည်။

ဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ ဒဂုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ပန်းဘဲတန်း မြို့နယ်နှင့် ကျောက်တံတားမြို့နယ်များမှ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်နေပြည်သူများက လမ်းဘေးဝဲ/ယာမှနေ၍ အတီးအမှုတ် အကအခုန်များဖြင့်လည်းကောင်း၊ သောက်ရေသန့်ဘူးများ၊ အချိုရည်ဘူးများ၊ မုန့်များ၊ သကြားလုံးများ၊ သစ်သီးများ၊ လန်းဆန်းပဝါနှင့် မုန့်ထုပ်များကမ်း၍ လည်းကောင်း လိုက်လံ့ပုံစွာ ဂုဏ်ပြုကြိုဆိုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို နံနက် ၈နာရီတွင် မြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မျက်မမြင် လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် မြန်မာနိုင်ငံ ခရစ်ယာန် မျက်မမြင်များမိတ်သဟာယ၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ စိန်မေရီ မျက်မမြင်အလုပ်ရုံ၊ သဃ်န်းကျွန်း မသန်စွမ်းသူများ ကုန်ထုတ်သမဝါယမအသင်းလီမိတက်၊ မိတ္ထီလာမြို့ ရှေ့ဆောင်မျက်မမြင်ကျောင်း၊ ပြင်ဦးလွင် ပရဟိတ မျက်မမြင်ပညာသင်ကျောင်း၊ လှိုင်သာယာ စုပေါင်းအားမာန် မျက်မမြင် အလုပ်သမားအဖွဲ့နှင့် စစ်ကိုင်း မျက်မမြင်ကျောင်းများသို့ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်တို့က ဆုဖလားနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြပြီး မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးတို့အား ဂါရဝပြု အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် ဇနီး၊ ဒုတိယမြို့တော်ဝန်၏ ဇနီးတို့က မျက်မမြင် ကလေးငယ်များအား မျက်မှန်များ တပ်ဆင်ပေးကြပြီး မျက်မမြင်ကျောင်းများ ကိုယ်စား ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းသူ မစန်းစန်းထွေးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူကလေးငယ်များက သီဆိုတီးမှုတ် ဖျော်ဖြေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မျက်မမြင်လမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့ကြသည့် မျက်မမြင် ကျောင်းသား၊ ကျောင်းသူကလေးငယ်များနှင့် မျက်မမြင်များအား တာဝန်ရှိသူများက သာကေတ ရွှေခင်းသာ အပန်းဖြေစခန်းနှင့် ခေတ်မီအားကစားကွင်းသို့ ပို့ဆောင်ပေးကြပြီး အပန်းဖြေကစားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတကာ မျက်မမြင် လမ်းလျှောက် တုတ် နေ့ (၁၄)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင် လမ်း လျှောက် ပွဲ ကျင်းပ အပြီးတွင် ရန် ကုန် မြို့ တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူး ချုပ် အောင်သိန်း လင်းက မျက်မမြင် က လေး ငယ်များ အား မျက်မှန်များ တပ်ဆင်ပေးစဉ်။
(၁၉)

ကျိုက္ကစံစေတီတော် သီတင်းကျွတ်ပွဲတော်

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ (၂၆)ကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ၁၃၆၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက်နှင့် ၁၅ရက်ညများတွင် စေတီတော်ကြီးရင်ပြင်တော်ပေါ်ရှိ မှန်လေးမှန်၌ ဆွမ်းတော်ကြီးတင်ခြင်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးများထွန်းညှိပူဇော်ခြင်း၊အသင်းအဖွဲ့များမှ ဆီမီးထွန်းညှိပူဇော်ခြင်း၊ တန်ဆောင်းအသီးသီးတွင် အဘိဓမ္မာအခါတော်နေ့တရားများ ရွတ်ဖတ်ပူဇော်ခြင်းများဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မဟာစည် ထာဝရဆွမ်းပဒေသာပင် ရေစက်ချမည်

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီးတွင် အလှူရှင်များက ထာဝရဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းခဲ့ရာ ယခုအခါ (၁၉)ကြိမ်နှင့် အကြိမ် (၂၀)မြောက် အပင်နှစ်ထောင်ပြည့် ရေစက်ချပွဲကို အောက်တိုဘာ ၁၈ ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်၍ အလှူရှင်များအနေဖြင့် ကြည်ညိုသဒ္ဓါပွားများနိုင်ရန်နှင့် ရေစက်ချတရားနာကြားရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ဆွမ်းသိမ်းအောင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အောင်မြေဗောဓိ ၁၀၈ ပေ ရွှေတိဂုံပုံစံငယ် ဆုတောင်းပြည့်စေတီတော်တည်ဆောက်နေသော သာသနာပြု အောင်ဓမ္မရိပ်သာ၊ အောင်စေတီ ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရအား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ နှစ်စဉ်ဝါတွင်းသုံးလပတ်လုံး ဗုဒ္ဓဟူးနေ့တိုင်း အရဏ်ဆွမ်းလောင်းလှူလျက်ရှိရာ ဆွမ်းသိမ်းအောင်ပွဲအဖြစ် အောက်တိုဘာ ၂၆ ရက် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် သံဃာတော်များအား ဆွမ်းဘောဇဉ်များ လောင်းလှူမည်ဖြစ်သည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် မလွှကုန်းဈေးကွယ် (က)ရပ်ကွက် သတိပဋ္ဌာန်လမ်းနေ ဦးအုန်းညွန့်၊ ဒေါ်စောရှင်၊ သားသမီးမြေး တစ်စုတို့က ငွေကျပ် ၁၃၀၀၀၀ ကို ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပိဋကတ်သုံးပုံ စာအုပ်များလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်၏ (၅၇)နှစ်ပြည့် မွေးနေ့အလှူတော်ပွဲကို အောက်တိုဘာ ၁၂ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

မွေးနေ့ပွဲကို အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တတိလောက၊ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုသော သံဃာတော် ၅၇ ပါးတို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၍ သင်္ကန်းစုံများ တစ်ပါးစီ ဆက်ကပ်လှူဒါန်းပြီး အုပ်ရေ ၄၀ စီ ပါရှိသော ပိဋကတ်သုံးပုံ သုံးစုံကို အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်သို့တစ်စုံ၊ တောင်ဒဂုံပိဋကတ်သုံးပုံ နိကယ်ငါးရပ်ကျောင်းတိုက်သို့တစ်စုံ၊ ရွှေပေါက်ကံ မော်ကျွန်း ပရိယတ္တိ စာသင်တိုက်သို့ တစ်စုံ လှူဒါန်းကြောင်း သိရသည်။ (က-ပ)

မန္တလေးတိုင်း ကုန်သည်/စက်မှုအဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ အောက်တိုဘာ ၁၅ရက်မှ ၂၀ရက်အထိ ကျင်းပမည့် (၉၈)ကြိမ်မြောက် ကွမ်ကျိုးကုန်စည်ပြပွဲ ကျင်းပရေးကော်မတီ၏ ဖိတ်ကြားချက်အရ မန္တလေးတိုင်း ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးဘကြည်စိန်နှင့် အလုပ်အမှုဆောင် ဦးကျော်မင်း (စိန်နှင့်မြမွေ့ရာ)တို့ ဦးဆောင်၍ အဖွဲ့ဝင် ၁၈ဦးပါဝင်သော စီးပွားရေးလုပ်ငန်းရှင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်း ခရီးဖြင့်ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) မူလတန်းကြိုကျောင်း၏ သီတင်းကျွတ်ပွဲတော်ကို အောက်တိုဘာ ၁၄ရက်က ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက တေးသီချင်းဖြင့် သီဆိုဖျော်ဖြေစဉ်။ (က-ပ)

အထွေထွေရောဂါကု ဆရာဝန်များညီလာခံ

ရန်ကုန် အောက်တိုဘာ ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ (၇)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံကို အောက်တိုဘာ ၂၂ရက်နှင့် ၂၃ရက်တို့တွင် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်ညီလာခံသို့ တက်ရောက်မည့် ဆရာဝန်များသည် အောက်တိုဘာ ၂၀ရက်နှင့် ၂၁ ရက်တို့တွင် ရုံးချိန်အတွင်း ပြည်မြို့ ပြည်သူ့ဆေးရုံကြီး ညီလာခံကျင်းပမည့်နေရာ၌ မှတ်ပုံတင်နိုင်သည်။ (သတင်းစဉ်)

အီရတ်နိုင်ငံမှ နော်ဝေတပ်ဖွဲ့ ရုပ်သိမ်းမည်
အာဖဂန်နစ္စတန်မှလည်း ရုပ်သိမ်းရန် စီစဉ်ထား

အော်စလို အောက်တိုဘာ ၁၄

အီရတ်နိုင်ငံမှ နော်ဝေတပ်ဖွဲ့များ ရုပ်သိမ်းရန် အစီအစဉ်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန် ဦးဆောင်သော စစ်ဆင်ရေးလုပ်ငန်းများ၌ နော်ဝေတပ်ဖွဲ့ဝင်များပါဝင်ခြင်းကိုလည်း အဆုံးသတ်တော့မည် ဖြစ်ကြောင်း ယင်းနိုင်ငံ၌ အစိုးရအဖွဲ့သစ်ဖွဲ့စည်းနိုင်ရန် ပြင်ဆင်နေသော လက်ဝဲယိမ်းညွှန့်ပေါင်းအဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် နော်ဝေတပ်ဖွဲ့ဝင်များသည် ဗြိတိသျှနှင့် ပိုလန်တပ်ဖွဲ့ဝင်များနှင့်အတူ လုံခြုံရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ရုပ်သိမ်း

အီရတ်နိုင်ငံရှိ မိမိတို့၏ တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းမည် ဖြစ်ကြောင်း လေဘာပါတီခေါင်းဆောင် ဂျင်းစတိုးတင်ဘတ်ဂျ်က လွှန်ခဲ့သည့် သီတင်းပတ်တွင် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်ထံ အကြောင်းကြားခဲ့သည်။

၎င်းသည် ဝန်ကြီးချုပ်ရာထူးနေရာအတွက် အမည်စာရင်းတင်သွင်းခံထားရသည်။

ဦးဆောင်

နော်ဝေနိုင်ငံရှိ လေဘာပါတီသည် အသစ်ဖွဲ့စည်းမည့် အစိုးရအဖွဲ့နှင့် ပတ်သက်၍ နိုင်ငံရေးလမ်းစဉ်ကို ထုတ်ပြန်ကြေညာရာတွင် အီရတ်မှ တပ်ဖွဲ့ ရုပ်သိမ်းမည် ဖြစ်ကြောင်း၊ အာဖဂန် နစ္စတန်နိုင်ငံတွင် အမေရိကန် ဦးဆောင်သော စစ်ဆင်ရေးလုပ်ငန်းများ၌ နော်ဝေ အထူးတပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်မှုကိုလည်း အဆုံးသတ်တော့မည်ဖြစ်ကြောင်း ဖော်ပြလိုက်သည်။

တာဝန်ထမ်းဆောင်

အာဖဂန်နစ္စတန်နိုင်ငံတွင် နော်ဝေတပ်ဖွဲ့ဝင် ၄၀၀ ခန့်ရှိသည်။ ၎င်းတို့သည် နေတိုးဦးဆောင်သောနိုင်ငံတကာ လုံခြုံမှုတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ နော်ဝေအထူးတပ်ဖွဲ့ဝင်များသည် အမေရိကန်၏ စစ်ဦးစီးကွပ်ကဲမှုအောက်တွင် တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်သည်။

အင်တာနက်။



အီရတ်နိုင်ငံ ဘာဆာရာမြို့အနီးတွင် မော်တော်ယာဉ် တစ်စီးအား ရှာဖွေစစ်ဆေးနေသော အပေါင်းပါ တပ်ဖွဲ့ဝင်တစ်ဦးကို အောက်တိုဘာ ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိန်နှင့်ထိုင်း ဆက်ဆံရေး ဆက်လက်မြှင့်တင်
အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်မည်

လန်ဒန် အောက်တိုဘာ ၁၄

ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် တိုနီဘလဲနှင့် ဗြိတိန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်တို့သည် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်မြှင့်တင်မည်ဖြစ်ကြောင်း ကြာသပတေးနေ့တွင် ကတိပြုပြောကြားလိုက်သည်။

အကြမ်းဖက်မှု တန်ပြန်တွန်းလှန်ရေး၊ ကုလသမဂ္ဂ ပြုပြင်ဖွဲ့စည်းရေးနှင့် ရေနံဈေးနှုန်းကိစ္စရပ်များ ပါဝင်သည့် ကျယ်ပြန့်သော ကိစ္စရပ်များ ဆွေးနွေးရေးအတွက် ဘလဲက သက်ဆင်ကို တွေ့ဆုံခဲ့ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက ပြောကြားသည်။

နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ခိုင်မြဲစေမည့် လုပ်ငန်းအစီအစဉ်သစ်တစ်ရပ် အပါအဝင် နှစ်နိုင်ငံ ဆက်ဆံရေးကို ဆက်လက်မြှင့်တင်လိုကြောင်း ခေါင်းဆောင်နှစ်ဦးက ထုတ်ဖော်ပြောကြားကြသည်ဟု ဆွေးနွေးပွဲအပြီး ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ဘလဲနှင့်သက်ဆင်တို့သည် ဘာလီကျွန်းတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကို ပြစ်တင်ဝေဖန်လိုက်ပြီး အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရာတွင် နီးနီးကပ်ကပ် ပူးတွဲလုပ်ဆောင်ရန် သဘောတူညီကြကြောင်း ပူးတွဲကြေညာခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ကဘူးရှိ အီတလီတပ်ဖွဲ့ဝင်တစ်ဦး
မတော်တဆကျည်ထွက်မှုကြောင့်သေဆုံး

ရောမ အောက်တိုဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံရှိ အီတလီ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့မှ အီတလီ တပ်ဖွဲ့ဝင်တစ်ဦးသည် စစ်တန်းလျားတွင် ရိုင်ဖယ်သေနတ်ကျည်ဆန် မတော်တဆ ထွက်သွားမှုကြောင့် အင်္ဂါနေ့တွင် သေဆုံးခဲ့ကြောင်း ဖြင့် ရောမမြို့ရှိ အီတလီစစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်သည် အသက် ၃၄ နှစ်ရှိ တပ်ကြပ်ဆန်ဖီလစ်ပိုဖြစ်ပြီး ကဘူးဆေးရုံသို့ ရောက်လာပြီးနောက် မကြာမီတွင် သေဆုံးသွားသည်။

သဲသဲကွဲကွဲမသိရ

၎င်းသေဆုံးမှု သတင်းအသေးစိတ်ကို သဲသဲကွဲကွဲမသိရသေးကြောင်း၊ သို့ရာတွင် ၎င်း သို့မဟုတ် ၎င်း၏ ရဲဘော်ရဲဘက်များက သေနတ်သိမ်းရင်း မတော်တဆ ကျည်ဆန် ထွက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

အီတလီစစ်ဘက်ဆိုင်ရာ ရှေ့နေဖြစ်သူ အင်တယ်လီဆာနိုက ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ပြန်ထားသည်။

ခြောက်လကြာ

အာဖဂန်နစ္စတန်တွင် တပ်သား ၁၉၀၀ ဖြန့်ကြက်ထားသည့် အီတလီတပ်ဖွဲ့သည် နိုင်ငံတကာ လုံခြုံရေးအကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ တာဝန်ကို နောက်ထပ် ခြောက်လကြာအထိ ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အိုင်အက်စ်အေအက်ဖ်သည် နေတိုးနှင့် ကုလသမဂ္ဂအဖွဲ့တို့၏ ပူးတွဲအခွင့်အာဏာအောက်မှ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ် ဩဂုတ်လနောက်ပိုင်းမှ စတင်၍ အာဖဂန်အစိုးရ၏ လုံခြုံရေးကောင်းမွန်ရန် ကြိုးပမ်းမှုများ၌ အကူအညီပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှု
အောက်တိုဘာ ၁၄ ရက်အထိ ၁၉၇၀ ရှိ

ဝါရှင်တန် အောက်တိုဘာ ၁၄

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် မတ်လ၌ စစ်ပွဲစတင်ခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ယခုနှစ် အောက်တိုဘာ ၁၄ရက်အထိ ၁၉၇၀ရှိကြောင်း အေပီသတင်းဌာန၏စစ်တမ်းတွင် ဖော်ပြသည်။ အီရတ်တွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၁၅၃၁ ဦးမှာ ရန်သူ၏တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ၎င်း တို့တွင် အမေရိကန်စစ်ဘက်၌ အမှုထမ်းဆောင်နေသော အရပ်သားငါးဦးလည်းပါဝင်ကြောင်း အဆိုပါ စစ်တမ်းတွင် ဖော်ပြထားသည်။

အေပီသတင်းဌာန၏ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုဦးရေသည် အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော ကိန်းဂဏန်းများထက် ၁၀ ဦး ပိုမိုများပြားသည်။ ***အင်တာနက်။***

ဘာဆာရာမြို့၌ လူသေဆုံးမှုနှင့် ပျက်စီးမှုများအတွက်
ဗြိတိသျှတပ်ဖွဲ့က လျော်ကြေးပေးမည်ဟုဆို

လန်ဒန် အောက်တိုဘာ ၁၄

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လွန်ခဲ့သည့် သီတင်းပတ်သုံးပတ်က ဗြိတိသျှထောက်လှမ်းရေး တပ်ဖွဲ့ဝင်များကို ကယ်တင်ရန် ကြိုးပမ်းစဉ် သေဆုံးခဲ့ရသူများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် လျော်ကြေးပေးရန် ဗြိတိသျှအစိုးရက ကမ်းလှမ်းလိုက်ကြောင်း ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း (ဘီဘီစီ)က အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။

ဘာဆာရာမြို့တွင် စက်တင်ဘာ ၁၉ ရက်က ဗြိတိသျှတပ်ဖွဲ့နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် ဗြိတိသျှကြည်းတပ် တပ်ဖွဲ့ဝင်များက ရဲစခန်းတစ်ခုကို စီးနင်းခဲ့သည်။ ဗြိတိသျှထောက်လှမ်းရေးတပ်ဖွဲ့ဝင်များကို ထိန်းသိမ်းထားသည်ဟု ယူဆရသည့် အဆိုပါရဲစခန်းကို စီးနင်းခဲ့ရာတွင် အီရတ်လူမျိုးအချို့ သေဆုံးခြင်းနှင့် ဒဏ်ရာရခြင်းတို့ ပေါ်ပေါက်ခဲ့သည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ရဲစခန်း၏ နံရံကို ဖြိုလှဲချခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဘာဆာရာမြို့၌ ဗြိတိသျှတပ်ဖွဲ့ကို ဆန့်ကျင်သော အဓိကရုဏ်းများ ပေါ်ပေါက်ခဲ့သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍လျော်ကြေးပေးရန် ဗြိတိသျှကောင်စစ်ဝန်ရုံးနှင့် ဘာဆာရာပြည်နယ် ကောင်စီ၏ ကော်မတီတစ်ရပ်တို့က ပူးတွဲထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ သို့ရာတွင် လျော်ကြေးငွေ မည်မျှပေးမည်ကိုမူ ဖော်ပြခြင်း မရှိပေ။

ဘာဆာရာတွင်ဖြစ်ပွားခဲ့သောပဋိပက္ခကြောင့် နှစ်ဖက်စလုံးမှ ထိခိုက်သေဆုံး၊ ဒဏ်ရာရမှုများအတွက်ဝမ်းနည်းမိကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြက်ငှက် တုပ်ကွေးရောဂါ စိုးရိမ်မှုများကြောင့် ရိုမေးနီးယားနယ်စပ်တွင် စစ်ဆေးမှုများ ပြုလုပ်နေသည်ကို အောက်တိုဘာ ၁၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်ငလျင်ကြောင့် သေဆုံးသူဦးရေ ၂၅၀၀၀ ရှိ

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၄

ပါကစ္စတန်မြောက်ပိုင်း၌ အောက်တိုဘာ ၈ ရက်တွင် ငလျင်လှုပ်ခဲ့မှုကြောင့် သေဆုံးသူ ဦးရေသည် ၂၅၀၀၀ ရှိပြီဖြစ်ကြောင်း၊ သေဆုံးသူဦးရေသည် ထပ်မံတိုးလာမည်ဟု မျှော်မှန်းရကြောင်း အောက်တိုဘာ ၁၃ရက်တွင် ပါကစ္စတန်အာဏာပိုင်များက ပြောကြားခဲ့သည်။ ပါကစ္စတန် ကက်ရှ်မီးယားဒေသရှိ နီလမ်တောင်ကြားနှင့် ဂျီလမ်တောင်ကြားအပါအဝင် နိုင်ငံဧရိယာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကျယ်ဝန်းသောဒေသတွင် ငလျင်ကျရောက်ခဲ့ကြောင်း၊ အောက်တိုဘာ ၈ ရက်တွင် ကျရောက်ခဲ့သော ငလျင်၏ ပြင်းအားအဆင့်သည် ၇ ဒသမ ၆ ရှိကြောင်း၊ သေဆုံးသူဦးရေကို ယခုအချိန်ထိ တိကျစွာ မသိရှိရသေးကြောင်း ပြန်ကြားရေးဝန်ကြီး ရှိစ်ရာရှဒ်အာမက်က ပြောဆိုခဲ့သည်။

ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် သေဆုံးသူဦးရေသည် ၂၅၀၀၀ ဦးရှိကြောင်း၊ ထပ်မံ၍ ထိုကိန်းဂဏန်းများ တိုးနိုင်သည်ဟု ဝန်ကြီးအဖွဲ့ ဆွေးနွေးပွဲအပြီးပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ အာမက်ကပြောကြားခဲ့သည်။ အိန္ဒိယ ကက်ရှ်မီးယားဒေသ နယ်စပ်ဖြတ်သန်းရာ နေရာတွင် လူ ၁၂၀၀ သေဆုံးခဲ့သည်ကိုလည်း အတည်ပြုခဲ့သည်။ သေဆုံးသူဦးရေသည် ၄၀၀၀၀ အထိရောက်ရှိသွားနိုင်ကြောင်း၊ ငလျင်ဒဏ်ခံရသော ဒေသဆိုင်ရာအာဏာပိုင်များနှင့် ကူညီရေးအဖွဲ့များက ယခုထိ သွားရောက်နေကြရဆဲဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ နိုင်ငံရေးအသိုင်းအဝိုင်းမှလာသော သတင်းများအရသိရသည်။

ဝေးလံလှသော ရွာများနှင့် မြို့များတွင် ငလျင်ကြောင့်သေဆုံးသူ ဦးရေကို တိကျစွာ မသိရှိရသေးပေ။ အသေအပျောက် ကိန်းဂဏန်းများနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ဒေသဆိုင်ရာမှလာသော သတင်းများသည် ကွဲလွဲချက်များရှိနေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်သို့ ဖိလစ်ပိုင်ပို့ကုန် ဩဂုတ်လ၌ ပိုမိုမြင့်တက်လာ

မနီလာ အောက်တိုဘာ ၁၄

တရုတ်နိုင်ငံသို့ ဖိလစ်ပိုင်နိုင်ငံ၏ တင်ပို့ကုန်သည် ယခုနှစ်ဩဂုတ်လ၌ ၅၁ ဒသမ ၇ ရာခိုင်နှုန်း၊ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၃၃၈ ဒသမ ၇၅ သန်း သို့မဟုတ် ပို့ကုန်စုစုပေါင်း၏ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိလာသည့်အတွက် ယမန်နှစ် အလားတူကာလကထက် တိုးမြင့်လာသည်ဟု အမျိုးသားစာရင်းအင်းဌာနက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံသို့ ဖိလစ်ပိုင်နိုင်ငံ၏ တင်ပို့ကုန်သည် ဩဂုတ်လတွင် ၁၈ ဒသမ ၅ ရာခိုင်နှုန်း၊ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၆၉၁ ဒသမ ၇၇ သန်းရှိပြီး ယမန်နှစ်အလားတူ ကာလနှင့်စာလျှင် လျော့ကျသွားသည်။ ထိုသို့ ပို့ကုန်တန်ဖိုး လျော့ကျသွားသော်လည်း ဖိလစ်ပိုင်တင်ပို့ကုန် ဈေးကွက်တွင် အမေရိကန်သည် ထိပ်တန်းဈေးကွက်ဝင်နိုင်ငံတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း စာရင်းဇယားများအရ သိရှိရသည်။ ယခုနှစ် ဩဂုတ်လတွင် ဖိလစ်ပိုင်နိုင်ငံ၏ ကုန်ချော တင်ပို့မှု ပမာဏတွင် အမေရိကန် သို့ တင်ပို့မှုပမာဏသည် ၂၀ ရာခိုင်နှုန်း ပါဝင်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်ဈေးကွက်နိုင်ငံများတွင် အမေရိကန်နိုင်ငံပြီးလျှင် ဂျပန်နိုင်ငံဖြစ်ပြီး တင်ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၄၇၂ ဒသမ ၂၀ သန်း သို့မဟုတ် ပို့ကုန်စုစုပေါင်း၏ ၁၃ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ ယမန်နှစ် အလားတူကာလက တင်ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၇၆ ဒသမ ၀၁ သန်းရှိသဖြင့် ယခင်နှစ်ကထက် ၃၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားသည်။

ဖိလစ်ပိုင်နိုင်ငံမှ နယ်သာလန်နိုင်ငံ၏ ဝယ်ယူမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၅၄ ဒသမ ၁၈ သန်းရှိသည်။ သို့မဟုတ် ဖိလစ်ပိုင် ပို့ကုန်၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။

ဩဂုတ်လအတွင်း၌ ဖိလစ်ပိုင်နိုင်ငံ၏ အခြားဈေးကွက်ဝင်များမှာ ဟောင်ကောင်၊ တောင်ကိုရီးယား၊ မလေးရှားနှင့် စင်ကာပူတို့ဖြစ်သည်။ ဟောင်ကောင်သည် အမေရိကန်ဒေါ်လာ၂၆၅ဒသမ၄၂ သန်းဖိုး၊ တောင်ကိုရီးယားသည် အမေရိကန် ဒေါ်လာ ၂၃၂ ဒသမ ၀၈ သန်းဖိုး၊ မလေးရှားသည် အမေရိကန်ဒေါ်လာ ၂၁၃ ဒသမ ၉၃ သန်းဖိုးနှင့် စင်ကာပူသည် အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၀၃ သန်းဖိုး အသီးသီးဝယ်ယူ တင်သွင်းခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူတွင် လုံခြုံရေးတိုးမြှင့်ဆောင်ရွက် နိုင်ငံတစ်ဝန်း ရဲတပ်ဖွဲ့ဝင်များ ပိုမိုချထား

စင်ကာပူ အောက်တိုဘာ ၁၄

အင်ဒိုနီးရှားနိုင်ငံ၏ အပန်းဖြေစခန်း ဘာလီကျွန်းတွင် မကြာသေးမီက ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် စင်ကာပူနိုင်ငံအစိုးရသည် နိုင်ငံတွင်း လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတစ်ဝန်းလုံး၌ အထူးရဲတပ်ဖွဲ့ဝင်များကိုပိုမိုချထားလိုက်သည်။

ထုတ်လွှင့်

ကုန်စည် ကူးသန်းရောင်းဝယ်ရေး ရပ်ကွက်များ၊ ဖျော်ဖြေပွဲများနှင့် လူနေထိုင်ရာ ဒေသများတွင် အထူးရဲတပ်ဖွဲ့ဝင်များ (အက်စ်အိုစီ)က ကင်းလှည့်စောင့်ကြပ်နေပြီး နိုင်ငံ၏ မြောက်ပိုင်းနှင့် အနောက်ပိုင်း စစ်ဆေးရေးဂိတ်များတွင် ဂေါ်ရခါးတပ်ဖွဲ့များ (ဂျီစီ)ကို ချထားသည်ဟု ချယ်နယ်နယူးအေးရှား သတင်းဌာနက အောက်တိုဘာ ၁၂ ရက် ညပိုင်းတွင် ထုတ်လွှင့် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ အလယ်ပိုင်း ကူးတို့ဆိပ်နှင့် ချန်ဂီဆိပ်ကမ်းများတွင်လည်း ဂျီစီတပ်ဖွဲ့ဝင်များကို ချထားသည်။

တစ်ချိန်တည်းမှာပင် စင်ကာပူ ရေကြောင်းပိုင်နက်အတွင်း ဝင်ရောက်လာသော ရေယာဉ်များနှင့် ကူးတို့သင်္ဘောများကို ကမ်းခြေစောင့်တပ်ဖွဲ့များ (ပီစီဂျီ)က အခါအားလျော်စွာ စစ်ဆေးလျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

စပိန်ရှိ ၁၈ရာစု အဆောက်အအုံပြိုကျ လူ၄ဦးသေဆုံး

မဒရစ် အောက်တိုဘာ ၁၅

စပိန်နိုင်ငံ အရှေ့မြောက်ပိုင်း ဘာစီလိုနာမြို့ရှိ ၁၈ရာစုနှစ်က တည်ဆောက်ထားခဲ့သော သုံးထပ်အဆောက်အအုံတစ်ခု အောက်တိုဘာ ၁ ရက်တွင် ပြိုကျခဲ့ရာ လူ၄ဦး သေဆုံးကြရကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆောက်အအုံဟောင်း ပြိုကျချိန်တွင် အဆောက်အအုံအတွင်း၌ မော်ရိုကိုလူမျိုး၁၂ဦးရှိနေကြကြောင်း အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ စပိန်ရေဒီယိုက ကြေညာသည်။

အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက အပြိုအပျက်များအောက်မှ ဆိုးဆိုးရွားရွား ဒဏ်ရာရထားသူ နှစ်ဦးကို ကယ်ထုတ်နိုင်ခဲ့ကြသည်။ အခြား နှစ်ဦးမှာမူ အထိအခိုက်မရှိဘဲ လွတ်မြောက်ခဲ့ကြသည်ဟုဆိုသည်။မီးသတ်တပ်ဖွဲ့များသည် ယခုတိုင်အောင် အသက်ရှင်နေသေးသူများကို ရှာဖွေနေကြဆဲဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

မူဇာဖာရာဘဒ်မြို့၌ ယာယီဆေးရုံသုံးရုံ တည်ဆောက်

ရာဝါလ်ပင်ဒီ အောက်တိုဘာ ၁၄

ပါကစ္စတန်တပ်ဖွဲ့နှင့် ပြည်ပကယ်ဆယ်ရေးအဖွဲ့များသည် ငလျင်ကြောင့် ပျက်စီးသွားသော မူဇာဖာရာဘဒ်မြို့တွင် ယာယီဆေးရုံသုံးရုံ တည်ဆောက်ထားသည်။ ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ရာပေါင်းများစွာကို အခြားဒေသသို့ လေယာဉ်ဖြင့် ပို့ဆောင်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် တည်ဆောက်ထားခြင်း ဖြစ်သည်။

မူဇာဖာရာဘဒ်မြို့တွင် ခုတင် ၁၅၀ ဆံ့ ဆေးရုံသုံးရုံကို ပါကစ္စတန်တပ်ဖွဲ့နှင့် ပြည်ပအဖွဲ့များက တည်ဆောက်ထားကြောင်း၊ ဒဏ်ရာရရှိသူ လူနာဦးရေ တိုးလာခြင်းကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြို့အသီးသီးရှိ ဆေးရုံများသို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိသူများကို နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များက လေယာဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။***အမ်အင်အေ၊ ပီတီအိုင်။***

ပါကစ္စတန် ငလျင်ဘေးဒုက္ခသည်များကို မူဇာဖာရာဘဒ်ဒေသတွင် ကယ်ဆယ်ရေးရိက္ခာ အကူအညီများ ဝေငှနေသည်ကို အောက်တိုဘာ ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကတုတ်ကျင်းအတွင်းသို့ ကျွံကျပြီးပိတ်မိနေသည့် ပါကစ္စတန်တပ်ဖွဲ့ဝင်များကို အိန္ဒိယတပ်ဖွဲ့က ကူညီ

ဆရင်နဂါး အောက်တိုဘာ ၁၄

အိန္ဒိယတပ်ဖွဲ့ဝင်များသည် နယ်စပ်ထိန်းချုပ်ရေးမျဉ်း ဖြတ်သန်းသွားသောနေရာတွင် ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ကတုတ်ကျင်းအတွင်းသို့ ကျွံကျနေသော ပါကစ္စတန်စစ်သည်ခြောက်ဦးကို ကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနက အောက်တိုဘာ ၁၃ ရက်တွင် ထုတ်လွှင့်ပြောကြားခဲ့သည်။

အိန္ဒိယတပ်ဖွဲ့ဝင်များသည် ထိန်းချုပ်ရေးမျဉ်းနေရာကို ဖြတ်သန်း တည်ဆောက်ထားသည့်အာမန်ဆီတူတံတားအနီးတွင် ပါကစ္စတန်တပ်ဖွဲ့မှ အကူအညီလို၍ အော်ခေါ်သံကို အောက်တိုဘာ ၁၂ရက် ညနေပိုင်းတွင် ကြားခဲ့ပြီးနောက် တစ်ဖက်ကမ်းသို့ အိန္ဒိယတပ်ဖွဲ့များကိုစေလွှတ်ခဲ့သည်ဟု ဟိန္ဒူစတန်တိုင်း သတင်းဌာနက ဖော်ပြသည်။

ကတုတ်ကျင်းထဲတွင် ပိတ်မိနေသော ပါကစ္စတန်တပ်ဖွဲ့ဝင်ခြောက်ဦးနှင့် ပါကစ္စတန် အရာရှိတစ်ဦးတို့ကို အိန္ဒိယ တပ်ဖွဲ့ဝင်များက ကယ်တင်ခဲ့သည်ဟု စစ်တပ်ဖွဲ့စခန်းမှလာသော သတင်း ကို ကိုးကား၍ သတင်းစာတွင် ရေးသား ဖော်ပြခဲ့သည်။

အာမန်ဆီတူ တံတားတွင် ပါကစ္စတန်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ကတုတ်ကျင်းများကို ပြန်လည်တည်ဆောက်နေချိန်တွင် အိန္ဒိယတပ်ဖွဲ့ဝင်များက အကူအညီပေးရန် နယ်စပ်မျဉ်းများကို ဖြတ်သန်း၍ ရောက်ရှိလာခဲ့သည်ဟု အောက်တိုဘာ ၁၃ ရက်တွင် အိန္ဒိယအိပ်စပရက်သတင်းဌာနက ရေးသားထားသည်။

အာမန်ဆီတူတံတားသည် အိန္ဒိယနိုင်ငံထိန်းချုပ်ရာဒေသနှင့် ပါကစ္စတန်တို့ ထိန်းချုပ်သော ကက်ရှ်မီးယားဒေသတို့ကို ဆက်သွယ်ထားပြီး ထိုလမ်းကြောင်းတွင် ဆရင်နဂါး-မူဇာဖာရာဘဒ် ဘတ်စ်ကားလုပ်ငန်းက ယခုနှစ်ဧပြီလကတည်းက ပို့ဆောင်ရေးဝန်ဆောင်မှုများ ပြုလုပ်ခဲ့သည်။ ပါကစ္စတန်ဒေသ တစ်ဝန်းလုံးတွင် ငလျင်ပြင်းထန်စွာ ကျရောက်ပြီးနောက် အောက်တိုဘာ ၉ရက်တွင် နောက်ဆက်တွဲ ငလျင်တစ်ခု လှုပ်ခဲ့ခြင်းကြောင့် အဆိုပါ တံတား ပျက်စီးခဲ့သည်။

ထိုနယ်စပ်မျဉ်းနေရာကို ဖြတ်သန်းသွားရာနေရာ၌ ပျက်စီးမှုများကြောင့် ကယ်ဆယ်ရေးများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံပူပေါင်းဆောင်ရွက်ရန် အိန္ဒိယနိုင်ငံက ကမ်းလှမ်းခဲ့သော်လည်း ကမ်းလှမ်းချက်ကို ပါကစ္စတန်က ငြင်းပယ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယတောင်ပိုင်းတွင် လေထန်မိုးကြီး၊ ၂၂ဦးသေဆုံး

ဟိုက်ဒရာဘတ် (အိန္ဒိယ) အောက်တိုဘာ ၁၅

ယခုသီတင်းပတ်အတွင်းတွင် အိန္ဒိယနိုင်ငံတောင်ပိုင်းဒေသ၌ လေထန်ပြီး မိုးကြီးစွာရွာသွန်းသည့်အတွက် အနည်းဆုံးလူ ၂၂ဦးတို့သေဆုံးရကာ အခြား ၁၀ဦးတို့မှာလည်း သေဆုံးသွားသည်ဟု ယူဆရမည့်အခြေအနေသို့ ရောက်နေကြောင်း အာဏာပိုင်များက စနေနေ့တွင် ပြောကြားသည်။

လွန်ခဲ့သော ၂၄နာရီအချိန်အတွင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ လူ ၁၁ဦး သေဆုံးခဲ့ရပြီး တမီလ်နာဒူးပြည်နယ်တွင် လူ၁၁ဦးတို့ အသက်ဆုံးရကြောင်း သတင်းများကဆိုသည်။ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မှ သေဆုံးသူများတွင် အမျိုးသမီးလေးဦးလည်း ပါဝင်သည်။ လူအများမှာ ရေနစ်ခြင်း၊ ဓာတ်လိုက်ခြင်းတို့ကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုဒေသများတွင် လေရော မိုးပါ ပြင်းထန်ခဲ့ရခြင်းမှာ ဘင်္ဂလားပင်လယ်အော်ဒေသ၌ဖြစ်ပေါ်သော လေဖိအားနည်းရပ်ဝန်း၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်သည်ဟု အရာရှိများက ဆိုသည်။ ရာသီဥတု ဆိုးရွားမှုကြောင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ်မှ အခြားလူ ၁၀ဦးတို့မှာလည်း သေဆုံးနိုင်သည်ဟု စိုးရိမ်နေရကြောင်းသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရှမ်းကြိုး-၆ အာကာသယာဉ် ဆင်းသက်ရေး အသင့်ပြင်ထား

ဆီဇီဝမ်ဘာနာ(အတွင်းမွန်ဂိုလီးယား) အောက်တိုဘာ ၁၄

ရှန်းကြိုး-၆ တရုတ်အာကာသယာဉ် ပြန်လည်ဆင်းသက်လာမည့်အချိန်တွင် အဆင်ပြေချောမောစေရန်အတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများကို အောက်တိုဘာ ၁၂ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သက်ဆိုင်ရာအရာရှိများက ပြောကြားကြသည်။

အာကာသယာဉ် ပြန်လည်ဆင်းသက်လာမည့်နေရာအဖြစ် သတ်မှတ်ထားသည့် အတွင်းမွန်ဂိုလီးယားဒေသရှိ ဆီဇီဝမ်ဘာနာအရပ်တွင် ရဟတ်ယာဉ်ခြောက်စင်းနှင့် အထူးဆယ်ယူရေးယာဉ် ၁၄ စီးကို အဆင်သင့်ထားရှိသည်။ တာဝန်ကျ ဆယ်ယူရေးအဖွဲ့များသည် ထိန်းချုပ်ရေးလုပ်ငန်း၊ ဆယ်ယူရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် ရာသီဥတုအခြေအနေများကို နေ့စဉ်ပုံမှန် စစ်ဆေးလျက်ရှိကြသည်။

ယာဉ်ဆင်းသက်ရေးကိစ္စနှင့် ပတ်သက်သော လေ့ကျင့်မှုကို ယခုအချိန်အထိ သုံးကြိမ်တိတိ ဓာတ်တိုက် လေ့ကျင့်ပြီးဖြစ်ကြောင်း၊ ထို့အပြင် နောက်ဆုံးလေ့ကျင့်မှုကို ကြာသပတေးနေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း စူကီရှင်က ပြောကြားသည်။ အာကာသယာဉ် ဆင်းသက်ချိန်တွင်ရှိနေမည့် ရာသီဥတုအခြေအနေသည်လည်း သာတောင့်သာယာရှိမည်ဖြစ်သည်ဟု ဆင်းသက်မည့်နေရာကို ကြီးကြပ်ရသူ ညွှန်ကြားရေးမှူး ရိုဖန်ကဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဂျပန်နိုင်ငံ ဖူကူအိုကာရှိ အင်န်အိပ်ချ်ကေ သတင်းဌာန၏ ရုပ်/သံလွှင့်လုပ်ငန်းခွင် တစ်နေရာကို အောက်တိုဘာ ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဘိဓမ္မာတရားတော်

ကထိကရဟန်း

ဘုရားရှင် ဟောတော်မူအပ်သော တရားတော်တို့ကို ပိဋကတ်တော်ဖြင့် ဝေဖန်လျှင် ဝိနည်းတရားတော်၊ သုတ္တန်တရားတော်၊ အဘိဓမ္မာတရားတော်ဟု အမျိုးအစား သုံးမျိုးကွဲပြားသည်။

ထို သုံးမျိုးတွင် ဝိနည်းတရားတော်ဆိုသည်မှာ ကျူးလွန်သည့် အပြစ်ကြီးငယ်အလိုက် အာဏာထား ပညတ်တော်မူအပ်သော ဒေသနာတော်ဖြစ်သည်။ ဥပမာ–ရဟန်းတစ်ပါးသည် ပထမသိက္ခာပုဒ်ကို လွန်ကျူးသည်ဖြစ်အံ့ "ပါရာဇိကအာပတ်သင့်စေ" ဟု အာဏာထားတော်မူပြီး သမ္မုတိသံဃာအဖြစ်မှ ဖယ်ရှားထုတ်ပယ်တော်မူသည်။ အမျိုးသမီးအား မဖွယ်မရာစကားကို ပြောသည်ဖြစ်အံ့ "သံဃာဒိသေသ် အာပတ်သင့်စေ"ဟု အာဏာထားပညတ်တော်မူကာ ဒဏ်သားအဖြစ်ဖြင့် သံဃာ့ဘောင်မှ ထုတ်ပယ်ခံ ဒဏ်ထမ်းကာ ကုစားရသည်။ ဤသို့စသည်ဖြင့် ကျူးလွန်သည့် အပြစ်ကြီးငယ်အလိုက် ဟောဖော်ပညတ်တော်မူအပ်သော ဒေသနာတော်သည် ဝိနည်းတရားတော်ဖြစ်၏။ ယထာပရာဓသာသနာဟု ခေါ်သည်။ တစ်နည်းအားဖြင့် ဝိနည်းပိဋကသည် ဘိက္ခု၊ ဘိက္ခုနီ၊ သာမဏေရ၊ သာမဏေရီတို့၏ အဓိသီလသိက္ခာခေါ် အဆုံးအမများကို ညွှန်ပြရာဖြစ်၍ သီလသာသနာဟုလည်း ဆိုအပ်၏။

သုတ္တန်တရားတော်မှာ ဝေါဟာရဒေသနာဖြစ်သည့် အားလျော်စွာ လောကဝေါဟာရသို့လိုက်၍ လူ၊ နတ်၊ ဗြဟ္မာ၊ ခွေး၊ ဝက်၊ ကြက်၊ မြို့ပြ၊ ပြည်ရွာ အမည်ပညတ်တို့ကိုအသုံးပြုကာ တရားနာသူတို့၏ အလို အကြိုက်စရိုက်နှင့်လျော်အောင် ဒေသနာဉာဏ်တော်ဖြင့် ပြင်ဆင်ကာ ဟောအပ်သော တရားတော်ဖြစ်သည်။ ဥပမာ–"အာနန္ဒာ ဤဝက်မငယ်သည် ကကုသန္ဓဘုရားရှင်၏ သာသနာ၌ တစ်ဦးသော ဘိက္ခုနီမကျောင်းအနီးတွင် ကြက်မငယ်ဖြစ်ခဲ့ဖူး၏။ ထိုကြက်မငယ်သည် တစ်ဦးသော ယောဂီ၏ ကမ္မဋ္ဌာန်းရွတ်သံကိုနာခံရင်း စုတေရာ မင်းမျိုး၌ ဥဗ္ဗရီမည်သော မင်းသမီးဖြစ်၏။ ထိုမင်းသမီးသည် ခန္ဓာကိုယ်သန့်စင်ရာ အိမ်သာသို့ဝင်ရင်း ပိုးလောက်အစုကိုကြည့်ကာ ပုဠုဝကအသုဘကမ္မဋ္ဌာန်းကို စီးဖြန်းရာ ပထမဈာန်ကိုရ၏။ စုတေသောအခါ ပထမဈာန် ဗြဟ္မာဘုံမှာဖြစ်ရပြီး (ကာမသုဂတိဘဝတစ်ခုခြားကာ) ယခုအခါ ဝက်မငယ်ဖြစ်ရ၏"ဟု ဟောတော်မူခြင်းမျိုးတည်း။ သတ္တဝါတို့၏ အဇ္ဈာသယစသည်တို့နှင့် အံကိုက်အလိုက်သင့်အောင် ဟောတော်မူခြင်းကြောင့် ယထာနုလောမသာသနာလည်းမည်၏။ တစ်နည်းအားဖြင့် သုတ္တန်ပိဋကသည် "ဝိဝိစ္စေဝကာမေတိ" စသည်ဖြင့် အဓိစိတ္တသိက္ခာခေါ် သမာဓိတရားကိုသာ များစွာဟောတော်မူအပ်ရာဖြစ်၍ သမာဓိသာသနာဟုလည်း ဆိုအပ်၏။

အဘိဓမ္မာတရားတော်

အဘိဓမ္မာတရားတော်ကား ပရမတ္ထဒေသနာဖြစ်သည်အားလျော်စွာ ဝိနည်းတရားတော်ကဲ့သို့လည်း အပြစ်ကြီး၊ အပြစ်ငယ်ကိုမရှု၊ သုတ္တန်တရားတော်ကဲ့သို့လည်း တရားနာခံသူဝေနေယျတို့၏ အလိုအကြိုက်စရိုက်ကို မကြည့်မငဲ့ဘဲ ဓမ္မသဘာဝအရှိကို အရှိအတိုင်း ဖော်ပြဟောတော်မူအပ်သော တရားတော်ဖြစ်သည်။

ဘုရားရှင်သည် အဘိဓမ္မာသဘာဝတို့ကို သုံးသပ်ဟော တော်မူသောအခါ လူ၊ နတ်၊ ဗြဟ္မာ ဟုလည်းကောင်း၊ ခွေး၊ ဝက်၊ ကြက်ဟုလည်းကောင်း၊ တောတောင်၊ ရေ၊ မြေ၊ ဘုံဗိမာန်ဟူ၍ လည်းကောင်း ပညတ်သို့လိုက်၍ သုံးသပ်တော်မမူဘဲ–

- ကုသလာဓမ္မာ
- အကုသလာဓမ္မာ
- အဗျာကတာဓမ္မာ

ဟု ပေါင်းရုံးသုံးသပ်တော်မူသည်။ မှန်၏၊ လူလည်း ကုသိုလ် သဘော၊ အကုသိုလ် သဘော၊ အဗျာကတာသဘောတို့၏ အစုအဝေး တစ်ခုဖြစ်၏။ လူရယ်လို့မရှိ၊ အသက်ဝိညာဉ်ဟူ၍ မရှိ၊ ထိုဓမ္မသုံးမျိုးတို့၏ အစုအဝေးသာဖြစ်၏။ နတ်ဆိုသည်လည်း ထိုသုံးမျိုး တို့၏ အစု၊ ဗြဟ္မာဆိုသည်လည်း ထိုသုံးမျိုးတို့၏ အစုသာဖြစ်၏။ တောတောင်ရေမြေ ဘုံဗိမာန်ဆိုသည်လည်း အဗျာကတာဓမ္မတွင် ပါဝင်သော ရုပ်အစုတို့သာဖြစ်ကုန်၏။ ထို့ကြောင့် ထိုကုသလာဓမ္မာ အစချီသော ဒေသနာတော်သုံးရပ်၌ သက်ရှိသက်မဲ့ အားလုံးပါဝင်ပြီးဖြစ်တော့၏။

ဥပမာ–စာရှုသူသည် မောင်ဖြူဖြစ်အံ့၊ အဘိဓမ္မာအလို မောင်ဖြူဟူ၍မရှိ "ဝိညာဏ် နာမ်ရုပ်သဠာယတန" ဟူသော အဗျာကတ တရားအစုတို့သာရှိ၏။ အကြင်အခါ၌ မောင်ဖြူဟု သမုတ်အပ်သော ထိုအဗျာကတဓမ္မတို့တွင်ပါဝင်သော အာယတနခြောက်ပါး၌ ကုသိုလ်ဖြစ်ကြောင်း အာရုံများနှင့် တွေ့ထိမိသည်ဖြစ်အံ့၊ ထိုအခါ ကုသိုလ်ဓမ္မတို့ ဖြစ်ပေါ်ခွင့်ရကြကုန်၏။ အကြင်အခါ၌ ထိုအာယတနခြောက်မျိုးတွင် အကုသိုလ် ဖြစ်ကြောင်း အာရုံတို့နှင့် တွေ့ထိမိသည်ဖြစ်အံ့၊ ထိုအခါ အကုသိုလ်ဓမ္မတို့ ဖြစ်ခွင့်ရကြကုန်၏။ ဤသို့လျှင် စာရှုသူမောင်ဖြူသည် အဘိဓမ္မာသဘောအရ ကုသိုလ်ဓမ္မ၊ အကုသိုလ်ဓမ္မ၊ အဗျာကတဓမ္မတို့၏ အစုဝေးသာဖြစ်နေကြောင်း ထင်ရှားတော့၏။

ရတနာဃရ

ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် နယုန်လဆန်း ၇ ရက် နံနက်ပိုင်းတွင် မဟာဗောဓိပင်၏ အနောက်မြောက်ထောင့်အရပ်၌ရှိသော နတ်တို့ဖန်ဆင်းအပ်သည့် ရတနာဃရသို့ ကြွရောက်သီတင်းသုံးတော်မူကာ ကိုယ်တော်မြတ်၏ ခန္ဓာတော်အစဉ်မှစ၍ ဓမ္မသဘာဝတို့ကို ခွဲခြားစိတ်ဖြာ ဝေဖန်ကြည့်ရှုတော်မူ၏။ ထို့နောက် သတ္တလောကခေါ်သော သက်ရှိအားလုံးနှင့် သက်ရှိတို့နေထိုင်ရာ ရေမြေတောတောင် ဘုံဗိမာန်စသည့် ဩကာသခေါ် သက်မဲ့အားလုံးကို ဉာဏ်တော်ဖြင့် စုစည်းသုံးသပ်တော်မူသောအခါ–

- ကုသလာဓမ္မာ
- အကုသလာဓမ္မာ
- အဗျာကတာဓမ္မာ

ဟု သဘာဝဓမ္မသုံးမျိုးတို့ ဉာဏ်တော်၌ ထင်ရှားပေါ်လွင် သိမြင်တော်မူလာသည်။ ထိုသုံးမျိုးတွင် ကုသလာဓမ္မာဆိုသည်မှာ အပြစ်ကင်းပြီး ကောင်းကျိုးပေးတတ်သော သဘာဝဓမ္မများဟု အဓိပ္ပာယ်ရ၏။ အကုသလာဓမ္မာဆိုသည်မှာ အပြစ်မကင်းဘဲ ဆိုးကျိုးပေးတတ်သော သဘာဝဓမ္မာများဟု အဓိပ္ပာယ်ရ၏။ အဗျာကတာဓမ္မာဆိုသည်မှာ ကုသိုလ်, အကုသိုလ်ဓမ္မ အစုစုတို့တွင် မပါဝင်သော သဘာဝဓမ္မများဟု အဓိပ္ပာယ်ရ၏။ ထို့နောက် ခံစားမှုဝေဒနာသုံးမျိုးဖြင့် ဝေဖန်စုစည်းတော်မူပြန်၏။ ထို့နောက် အကျိုးတရားများ၊ အကျိုးကိုဖြစ်စေသော တရားများ၊ ထိုကြောင်းကျိုးသဘောတို့တွင် မပါဝင်သော တရားများဟု သုံးမျိုးဖြင့် ဝေဖန်တော်မူပြန်၏။ ဤသို့ စသည်ဖြင့် ဓမ္မသဘာဝတို့ကို သုံးစုစီ၊ သုံးစုစီ ပေါင်းစု၍လည်းကောင်း၊ ထို့အတူ နှစ်စုစီ၊ နှစ်စုစီ ပေါင်းစု၍လည်းကောင်း သုံးသပ်တော်မူ၏။ ဤသို့ဓမ္မသဘာဝတို့ကို ပေါင်းစုသုံးသပ်တော်မူခြင်းကို ဓမ္မသင်္ဂဏီကျမ်းဟုခေါ်၏။

ဤသို့ ဓမ္မသဘာဝတို့ကို ပေါင်းစုဝေဖန်တော်မူပြီး ထိုဓမ္မသဘာဝတို့ကို ခန္ဓာစသည်ဖြင့် ပိုင်းခြားကာ ထိုပိုင်းခြားသတ်မှတ်ထားသော ဓမ္မအစုတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အကျယ်ဝေဖန်တော်မူပြန်၏။ ဤသို့ အကျယ်ဝေဖန်ခြင်းကို ဝိဘင်္ဂ=ဝိဘင်းကျမ်းဟုခေါ်သည်။ ထို့နောက် ထိုခန္ဓာစသည်ကို ခန္ဓာ၊ အာယတန၊ ဓာတ်တို့ဖြင့် ဝေဖန်သုံးသပ်တော်မူပြန်၏။ ဥပမာ–ရူပက္ခန္ဓာသည် ခန္ဓာအနေဖြင့် တစ်မျိုးတည်းသာ ဖြစ်သော်လည်း ထိုရူပက္ခန္ဓာ၌ အာယတနသဘာအားဖြင့် ၁၁ မျိုး၊ စက္ခုဓာတ်စသော ဓာတ်သဘောအားဖြင့် ၁၁ မျိုး ပါဝင်ပုံ ဝေဖန်သုံးသပ်တော်မူ၏။ ထိုသို့ ဝေဖန်သုံးသပ်တော်မူခြင်းကို ဓာတုကထာ= ဓာတ် စကားဟုခေါ်၏။ ထို့နောက် ဓမ္မသဘာဝတို့ကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပုဂ္ဂိုလ်ဟူသော ပညတ်ခြောက်မျိုးဖြင့် တင်၍ ဝေဖန်သုံးသပ်တော်မူပြန်၏။ ထိုသို့ ဝေဖန်သုံးသပ်တော်မူခြင်းကို ပုဂ္ဂလပညတ်ဟုခေါ်၏။ထို့နောက် သကဝါဒ၊ ပရဝါဒတို့ကို ထုတ်ဖော်၍ အယူဝါဒမှားတို့ကို ဖယ်ရှားသုံးသပ်တော်မူ၏။ ဤသို့ သုံးသပ်တော်မူခြင်းကို ကထာဝတ္ထုကျမ်းဟု ခေါ်သည်။ ထို့နောက် "ကုသိုလ်တရားအားလုံးသည် ကုသိုလ်မူလဖြစ်သလော" ဟု အနုလောမနည်းအားဖြင့်လည်းကောင်း၊ "ကုသိုလ်မူလအားလုံးသည် ကုသိုလ်မည်သလော" ဟု ပဋိလောမနည်းအားဖြင့်လည်းကောင်း အစုန်အဆန်ပြု၍ ဝေဖန်သုံးသပ်တော်မူသည်။ ယမကယမိုက်ကျမ်းဟု တွင်သည်။

စကြဝဠာ၊ အဇ္ဈောနှင့်၊ သတ္တဝါများ၊ ဉာဏ်တော်အား၊ လေးပါးအနန္တ (အဘိ၊ ဋ္ဌ၊ ၁၊ ၂၀၄) ဆိုသည့်အတိုင်း

- စကြဝဠာတို့လည်း အဆုံးအပိုင်းအခြားမရှိ အနန္တများပြား၏။
- အဇ္ဈောကာသခေါ် ကောင်းကင်ကြီးလည်း အဆုံးအပိုင်းအခြားမရှိ အနန္တကျယ်ဝန်း၏။
- သတ္တဝါတို့လည်း ရေတွက်မဆုံးအောင် အနန္တများပြား၏။
- သဗ္ဗညုတဉာဏ်တော်၏ စွမ်းအားလည်း အဆုံးအပိုင်းအခြားမရှိ အနန္တကြီးကျယ်၏။

ဘုရားရှင်သည် အနန္တလေးပါးတွင် အပါအဝင်ဖြစ်သော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ရှေ့အနန္တသုံးပါးဟူသော သတ္တလောကနှင့် ဩကာသလောကတို့၏ ဖြစ်တည်နေရခြင်း၏ အကြောင်းရင်းတို့ကို ရှာဖွေတော်မူရာ ဟေတုပစ္စည်းစသော ၂၄ ပစ္စည်းကို တွေ့မြင်တော်မူ၏။ ရှေ့အနန္တသုံးပါးတို့ ဖြစ်တည်နေရခြင်း၏ အကြောင်းတို့သည် ဤ ၂၄ ပစ္စည်းတို့သာ ဖြစ်ကုန်၏၊ ထိုထက်အပိုလည်းမရှိ၊ အလိုလည်းမရှိနိုင်ပေ။ ထို့နောက် ထိုပစ္စည်းတို့၏ အကျိုးပစ္စယုပ္ပန်တို့ကို ဖော်ထုတ်တော်မူ၏။ ထို့နောက် ထိုပစ္စည်း ပစ္စယုပ္ပန်ဆက်စပ်ဖြစ်ပေါ်နေပုံကို သုံးသပ်တော်မူ၏။ ထို့နောက် ထိုပစ္စည်း ပစ္စယုပ္ပန်တို့ ကြောင်း၊ ကျိုးဆက်စပ်ဖြစ်ပေါ်မှုဖြင့် အနန္တစကြဝဠာဖြစ်တည်နေပုံ၊ အနန္တကောင်းကင်၊ အနန္တသတ္တဝါတို့ ဖြစ်တည်နေပုံတို့ကို အနန္တစွမ်းရည်ရှိသော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ဖြန့်ကြက်သုံးသပ်တော်မူရာ ကိုယ်တော်အစိပ်စိပ်တို့မှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် တဖိတ်ဖိတ်ထွက်ပေါ် ကွန့်မြူးလာရကုန်၏။

ပဋိစ္စသမုပ္ပာဒ်နှင့်ပဋ္ဌာန်း

ဘုရားရှင်သည် ကြောင်းကျိုးဆက်စပ်ဖြစ်ပေါ်နေပုံတို့ကို ပဋိစ္စသမုပ္ပာဒ်နည်းဖြင့် လည်းကောင်း၊ ပဋ္ဌာန်းနည်းဖြင့်လည်းကောင်း ဟောတော်မူသည်။ ထိုဒေသနာနည်းနှစ်ရပ်တို့တွင် ပဋိစ္စသမုပ္ပာဒ်ဒေသနာဖြင့် သက်ရှိတို့၏ ဖြစ်တည်လည်ပတ်နေပုံတို့ကို သုံးဘဝပိုင်းခြား၍ ဟောတော်မူသည်။

ဥပမာ–စာရှုသူသည် မောင်ဖြူဖြစ်အံ့၊ အမှန်အားဖြင့် မောင်ဖြူဟုမရှိ "ဝိဉာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ" ဟူ၍သာရှိ၏။ ထိုတရားတို့ အကြောင်းအကျိုး ဆက်စပ်ဖြစ်နေခြင်းကိုသာ "မောင်ဖြူ" ဟု ခေါ်နေကြခြင်းဖြစ်သည်။ ထိုမောင်ဖြူ၏အတိတ်ဘဝကား "အဝိဇ္ဇာ၊ သင်္ခါရ" တည်း။ အနာဂတ် ဘဝကား "ဇာတိ၊ ဇရာ၊ မရဏ" တို့တည်း။ ဤသို့ဖြင့် ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂ ရပ်ဖြစ်လာကြ၏၊ ဤတရားတို့ အဆက်မပြတ် လည်ပတ်ဖြစ်ပေါ်နေခြင်းကို "မောင်ဖြူ၏သံသရာ" ဟု ခေါ်သည်။ ဤသို့လျှင် အနန္တလေးပါးတွင် သတ္တဝါအနန္တတို့၏ ဖြစ်ပေါ်တည်ရှိ လည်ပတ်နေကြရပုံကို ပဋိစ္စသမုပ္ပာဒ်ဒေသနာဖြင့် ဝေဖန်တော်မူသည်။ ဘုရားရှင်သည် မဟာဗောဓိပင်အနီးမှာပင် ထိုပဋိစ္စသမုပ္ပာဒ်ခေါ် သက်ရှိတို့၏ ဖြစ်ပေါ်လည်ပတ်နေပုံနှင့် ငြိမ်းချုပ်ရပုံတို့ကို အနုလုံ၊ ပဋိလုံ၊ အစုန်အဆန် အပြန်ပြန်အလှန်လှန် ဆင်ခြင်သုံးသပ်တော်မူခဲ့၏။

ပဋ္ဌာန်းဒေသနာမှာကား သက်ရှိခေါ်သော သတ္တဝါအနန္တတို့၏ ဖြစ်တည်လည်ပတ်နေပုံကိုသာမက သက်မဲ့လောကဖြစ်သော စကြဝဠာအနန္တ၊ အာကာသာနန္တတို့၏ ဖြစ်တည်နေကြရပုံတို့ကိုပါ ဟောတော်မူသည်။ ထိုသက်ရှိတို့၏ ဖြစ်တည်လည်ပတ်နေပုံကို ဟောရာ၌လည်း ပဋိစ္စသမုပ္ပာဒ်ဒေသနာထက် အနုစိတ်ပြီး ၂၄ ပစ္စည်းဖြင့် ဝေဖန်ဟောတော်မူသည်။ ဤပဋ္ဌာန်းနည်းတို့ကား ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီး စတုတ္ထသတ္တာဟသို့ရောက်မှ သုံးသပ်တော်မူသည်။

ကျယ်ပြန့်လှသည့် အဘိဓမ္မာ

မဟာသက္ကရာဇ် ၁၀၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့ဖြစ်၏။ ဌာနမှာ သာဝတ္ထိပြည် ကဏ္ဍမ္ဗမည်သော သရက်ဖြူပင်ကြီး၏ အနီးဖြစ်၏။ ရှေ့နောက်ဝဲယာ ၁၂ ယူဇနာစီရှိသော ပရိသတ်တို့၏အလယ် ကောင်းကင်ယံ၌ အရှေ့အနောက် စကြဝဠာတိုက်ပေါင်း တစ်သောင်းအလျားရှိသော ရတနာစင်္ကြံကို ဖန်ဆင်းတော်မူပြီး ပစ္စေကဗုဒ္ဓ ရဟန္တာဟူသမျှတို့ ပြုခြင်းငှာမစွမ်းနိုင်သော ယမကပါဋိဟာရိယဉာဏ်တော်ကြီးဖြင့် ရေမီးအစုံအစုံ တန်ခိုးဂုဏ်တို့ကို ပြတော်မူ၏။ ထို့နောက် ရှေးရှေးသော ဘုရားရှင်တို့ နည်းထုံးရှိသည်နှင့်အညီ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး ပင်လယ်ကသစ်ပင်ကြီးအနီး၌ ခင်းထားအပ်သော အလျား ၆၀ ယူဇနာ၊ အနံ ၅၀ ယူဇနာ၊ အထု ၁၅ ယူဇနာရှိသော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ ကိုယ်တော်မြတ်၏ ဒုကုဋ်သင်္ကန်းကြီးကို ဖြန့်ခင်းတော်မူလိုက်၏။ ကျောက်ဖျာကြီးတစ်ခုလုံး ဖုံးအုပ်ပြီးဖြစ်သွား၏။ ထို့နောက် ထိုကျောက်ဖျာပေါ်၌ သီတင်းသုံးတော်မူကာ မယ်တော်မိနတ်သား အမှူးရှိသော နတ်ဗြဟ္မာတို့အား–

- ကုသလာ ဓမ္မာ
- အကုသလာ ဓမ္မာ
- အဗျာကတာ ဓမ္မာ

အစချီကာ အဘိဓမ္မာတရားတော်ကို အကျယ်ဝေဖန်၍ ဟောတော်မူသည်။ ထို့သို့ဟောတော်မူရာ၌ ဝါတွင်းသုံးလပတ်လုံး အာကာသင်္ဂါခေါ် နတ်မြစ်ကြီးကောင်းကင်မှ အတားအဆီးမရှိ စီးဆင်းလာဘိသကဲ့သို့ နေ့ည အဆက်မပြတ် ဟောတော်မူသည်ဖြစ်ရာ ထိုဟောတော်မူအပ်သော အဘိဓမ္မာတရားတော်သည် အနန္တအပရိမာဏ အဆုံးအပိုင်းအခြားမရှိ ကျယ်ဝန်းများပြားလှစွာ၏။

သို့သော် စတုတ္ထသတ္တာဟဖြစ်သော ရတနာဃရ သတ္တာဟ စံနေတော်မူစဉ် ခုနစ်ရက် နေ့ညပတ်လုံး အဆက်မပြတ် နှလုံးသွင်းဆင်ခြင်သုံးသပ် သိမြင်တော်မူအပ်ပြီးသော အဘိဓမ္မာတရားတို့ကား ဗုဒ္ဓကိုယ်တော်မြတ် အနှစ်တစ်ရာပတ်လုံး၊ အနှစ်တစ်ထောင်ပတ်လုံး၊ အနှစ်တစ်သိန်းပတ်လုံး ဟောတော်မူပါမှ ကုန်နိုင်ဖွယ်ရာရှိသဖြင့် ထိုသုံးလတာ နေ့ည အဆက်မပြတ်ဟောရုံဖြင့် မကုန်သေးပေ။ (အဘိ၊ ဋ္ဌ၊ ၁၊ ၁၅)

ဤအဘိဓမ္မာဒေသနာသည် ဓမ္မသဘာဝ အစုအဝေးမျှသာဖြစ်သည့် ခန္ဓာငါးပါး၌ "ငါ၊ ငါ့ဟာ" ဟု ထင်မှတ်ကုန်သော သတ္တဝါတို့ကို သဘာဝဓမ္မအရှိအတိုင်း ဟောတော်မူရာဖြစ်၍ ယထာဓမ္မ သာသနာမည်၏။ တစ်နည်းလည်း အဓိပညာသိက္ခာဟုခေါ်သော ပညာပိုင်းဆိုင်ရာ ရုပ်နာမ် ဓမ္မတို့ကို ခွဲခြားပြဆိုရာဖြစ်၍ ပညာသာသနာလည်းမည်၏။

ဘုရားရှင်သည် ဝါတွင်းသုံးလပြည့်မြောက်သော သီတင်းကျွတ်လပြည့်နေ့သို့ရောက်သောအခါ တရားတော်ကို အဆုံးသတ်တော်မူလိုက်၏။ မယ်တော်မိနတ်သားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ကုဋေပေါင်းရှစ်သောင်းမျှသော နတ်ဗြဟ္မာတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တန်းဝင်ကြလေကုန်၏။ ထိုသီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့မှာပင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သင်္ကဿမြို့တော်သို့ ဆင်းကြွတော်မူ၏။

ဤကား အဘိဓမ္မာတရားတော်နှင့်စပ်၍ အကျဉ်းချုပ်သိမှတ်ဖွယ်ရာတည်း။

- **အပြစ်ကြီးငယ်၊ သွယ်သွယ်ကြည့်ရှု၊ ဆုံးမမှု၊ မှတ်ရှုဝိနည်း သဘောတည်း။**
- **ဝေနေယျကြိုက်၊ စရိုက်အလျော်၊ ဟောဖော်ဆုံးမ၊ မှန်သမျှ၊ ဓမ္မသုတ္တန်တည်း။**
- **အပြစ်မရှု၊ နာသူ့မျက်နှာ၊ ငဲ့ညှာမရှိ၊ ဓမ္မ၏သဘော၊ ဖွင့်သောအရာ၊ ဘိဓမ္မာ၊ မှန်စွာမည်သတည်း။**
- **သီလသာသနာ၊ အမည်သာ၊ ဒေသနာမြတ်ဝိနည်း။**
- **သမာဓိသာသနာ၊ သဘောမှာ၊ သညာသုတ္တန်တည်း။**
- **ပညာသာသနာ၊ အမည်သာ၊ အဘိဓမ္မာခေါ်သတည်း။** ။

● ကျောဖုံးမှ

လေးဘာသာဂုဏ်ထူးရှင် မောင်ဟိန်းပြည့်စုံ၊ သုံးဘာသာဂုဏ်ထူးရှင် မောင်သန့်ဇင်စိုးနှင့် မရင်ရင်ရွှေ၊ နှစ်ဘာသာဂုဏ်ထူးရှင် မနီနီသာဝင်း၊ မောင်ကျော်စည်သူနှင့် မောင်ပြည့်ဖြိုးကျော်၊ တစ်ဘာသာဂုဏ်ထူးရှင် မဇာဇာဦးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဂျပန်လူငယ်များ လာရောက်စဉ် Home Stay မိဘများအဖြစ် တာဝန်ယူခဲ့သော အသင်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဦးစန်းမောင်–ဒေါ်ကြည်ကြည်သန်း မိသားစု၊ ဦးသန်းအောင် မိသားစု၊ ဒေါ်လွင်လွင်ဦး မိသားစုနှင့် ဦးမျိုးမင်းဇော်–ဒေါ်ကြည်ကြည်မာ မိသားစုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဦးစိန်မြင့်အောင် မိသားစု (ရွှေကံ့ကော်ပုံနှိပ်တိုက်)က ငွေကျပ် ၁၂၉၈၅၀၀ နှင့် ရွှေကံ့ကော်စာအုပ် ၁၆၀၀၊ ဦးစိုးသိန်း–ဒေါ်ခင်ချိုအုန်း ဓနအောင်ကုမ္ပဏီက ငွေကျပ် ခြောက်သိန်း၊ ဒေါ်အေးမြတ်နွယ် ပုဂံဟိုတယ်နှင့် စူပါမားကတ်က ငွေကျပ် ငါးသိန်း၊ ဦးမောင်မောင်နှင့်ညီများ ဂရိတ်ဝေါ တိုင်းရင်းဆေးလုပ်ငန်းက ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ ကဏန်းလုပ်ငန်းရှင်များအသင်းက ဦးမြင့်လွင်နှင့် ဦးတင့်လွင်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးမြင့်ထွန်း–ဒေါ်ခင်မာရွှေ (ဆုပြည့်စုံထွန်းစာပေ)က ငွေကျပ်နှစ်သိန်းနှင့် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာတက္ကသိုလ်ဝင် အထူးထုတ်စာအုပ် ၃၀၀၊ စံချိန်မီ နို့ဆီစက်ရုံ ဒုတိယဥက္ကဋ္ဌ ဦးလှထွန်း၊ စီးပွားရေးအထောက်အကူပြု စက်မှုနှင့်ကုန်သည်များအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မောင်၊ ဦးမြင့်သန်း– ဒေါ်ခင်မော်ဦး (နယူးဘွိုင်းအထည်ဆိုင်)၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်)နှင့် ဦးသန်းထွန်းဦး (ခြေတုလက်တုလုပ်ငန်း)တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးညွန့်ဦး မိသားစု (စန္ဒာညွန့်စာပေ)က ငွေကျပ်တစ်သိန်းနှင့် ဂုဏ်ထူးလက်ဆောင် စာအုပ် ၁၀၀၊ ဆရာကံချွန်နှင့် ဆရာမြင့်စိုး(စိုးစံစာပေ)က ငွေကျပ် ၅၅၀၀၀ နှင့် ကံချွန်ဘောဂ စာအုပ် ၁၀၀၊ ဒေါက်တာစောလှထွန်း(မဒီပါဝါကုမ္ပဏီလီမိတက်)၊ ဦးမြင့်ဟန်မိသားစု (ပြည့်စုံပရိဘောဂလုပ်ငန်း)၊ ဦးထိန်ဝင်းမိသားစု (ရတနာကုန်သည်)၊ တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင် မိသားစု၊ ဦးချစ်ကိုကို (မင်္ဂလာဟိုတယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်)၊ ဦးခင်မောင်ဌေး (အနန္တသုတဆေးတိုက်)၊ ဦးအေးကို(ဥက္ကဋ္ဌ၊ ကြီးပွားရေးရပ်ကွက်၊ ရေသွယ်ရေးကော်မတီ၊ သဃ်န်းကျွန်း)၊ ဒေါက်တာ အောင်ကျော်ဝင်း–ဒေါက်တာသက်သက်ခိုင် (ရွှေနန်းတော် စိန်ရွှေရတနာဆိုင်၊ လသာမြို့နယ်)၊ ဦးကျော်သန်းဇော် (မြတံခွန်နှင့်အောင်သန်းဆုထိဆိုင်၊ လသာ)၊ ဦးအောင်ကြည် (ဒဂုံတောင်စက်မှုဇုန်)နှင့် ဦးစိုးဝင်း–ဒေါ်ဖြူဖြူအေး (အလုံမြို့နယ်)တို့က ငွေကျပ် ၅၀၀၀၀စီ၊ ဦးသန်းစိန် (ကြည့်မြင်တိုင်)၊ ဦးဆန်းထွန်း–ဒေါ်ခင်စီ (နယူးပုံနှိပ်တိုက်) နှင့် ဦးကျော်ခင်မြင့်(ရတနာကုန်သည်)တို့က ငွေကျပ် ၃၀၀၀၀ စီ၊ ဦးသိန်းဦး–ဒေါ်ခင်ခင်စိန်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသိန်းဦးမိသားစု (ကြက်ဥ၊ ဘဲဥပွဲရုံ၊ လသာမြို့နယ်)က ငွေကျပ် ၂၀၀၀၀၊ ဆရာကြီး ဦးစံတင်အောင်(ရွှေဘို)က ငွေကျပ်နှစ်သိန်းနှင့် စာအုပ် ၁၁၀ အပါအဝင် အလှူငွေစုစုပေါင်း ငွေကျပ် ၃၄၄၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း အသင်းအတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ပထမပိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဒုတိယပိုင်း

ထို့နောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅) ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် တိုင်းအလုပ်အမှုဆောင် ဦးတင်မောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့၏ **“ရေးရာအစီရင်ခံစာ”**ကို အလုပ်အမှုဆောင် ဦးမင်းသိမ်းကလည်းကောင်း၊ ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို **“ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး”** အစီရင်ခံစာကို ဒေါပုံမြို့နယ်မှ ဒေါ်လင်းလင်းနိုင်ကလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် တင်သွင်းသွားသော အစီရင်ခံစာများကို ခရိုင်နှင့် မြို့နယ်အသင်း ကိုယ်စားလှယ်များက သုံးသပ်အကြံပြုဆွေးနွေးကြပြီး အကြံပြု ဆွေးနွေးချက်များအပေါ် ရန်ကုန်တိုင်း အသင်းအလုပ်အမှုဆောင် ဦးအောင်မြင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အတည်ပြု

ယင်းနောက် သဘာပတိက ဆုံးဖြတ်ချက်လေးရပ်၊ အတည်ပြုခြင်း တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း ငါးရပ်တို့ကို အစည်းအဝေး တက်ရောက်သူများ၏ ဆန္ဒသဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ကြွေးကြော်သံများဖြင့် မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာ မြားပစ်အဖွဲ့ လေ့ကျင့်ပြင်ဆင်

ရန်ကုန် အောက်တိုဘာ ၁၅

နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုများရရှိရန် မြန်မာအားကစားအဖွဲ့များ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် မြားပစ် အားကစားသမားများ မြားပစ် လေ့ကျင့်နေစဉ်။ (ကြေးမုံ)

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲ၌ မြန်မာမြားပစ် အားကစားအဖွဲ့သည် Compound နှင့် Recurve အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲအားလုံး ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့အနေဖြင့် အိမ်ရှင် ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားတို့နှင့် အဓိက ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆောင်ရွက်

ပြိုင်ပွဲဝင်မည့် မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးတင့်ဆန်း (ဒုတိယဥက္ကဋ္ဌ၊ မြားပစ်အဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ (အတွင်းရေးမှူး၊ မြားပစ်အဖွဲ့ချုပ်)၊ လက်ထောက်အုပ်ချုပ်သူအဖြစ် ဦးသန်းကြိုင်နှင့် ဒေါ်သီတာဝင်း၊ နည်းစနစ်အကြံပေးအဖြစ် Mr. An Seung Bum၊ နည်းပြဆရာများအဖြစ် ဦးအောင်သူရ၊ ဒေါ်သန်းသန်းယု၊ ဒေါ်မြတ်သူဇာမြင့်၊ ဒေါ်သီသီဝင်းတို့က ဆောင်ရွက်မည်ဖြစ်သည်။

ယှဉ်ပြိုင်ကြမည်

အားကစား သမားများအဖြစ် Recurve အမျိုးသားပြိုင်ပွဲ၌ ညီညီထွန်း၊ ထွန်းလင်းအောင်၊ ဇော်ဝင်းထိုက်၊ ဇော်မင်းထွန်း၊ အမျိုးသမီးပြိုင်ပွဲ၌ နန်းမိုဟွမ်၊ စန်းယုထွေး၊ အောင်ငိမ်း၊ နန်းဌေးလှိုင်၊ Compound အမျိုးသားပွဲစဉ်တွင် ပေါ်ဦး၊ မျိုးအောင်ဆန်း၊ လင်းနိုင်၊ ရဲမင်းဆွေ၊ အမျိုးသမီးပွဲစဉ်၌ ယုနန္ဒာထိုက်၊ ကေသီ၊ မေရီစန်းနှင့် တင်ဇင်အိတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)

အမှတ်(၁) တပ်မတော်ဆေးရုံ ပြင်ဦးလွင်သို့ ဆေးပဒေသာပင်ငွေကျပ် ၁၀ သိန်း လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၅

အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင် ၇၀၀ သို့ ဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်း လှူဒါန်းပွဲကို စက်တင်ဘာ ၂၆ရက်တွင် ပြင်ဦးလွင်မြို့ အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင် ၇၀၀ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင် ၇၀၀ တပ်မှူး ဗိုလ်မှူးချုပ် ထွန်းရီနှင့် ပါရဂူအရာရှိကြီးများ၊ အလှူရှင် စိုးစံလေ့ကျင့်ရေးစခန်း ပြင်ဦးလွင်မှ ဗိုလ်မှူးမောင်လတ်(ငြိမ်း) နှင့် မိသားစုတို့ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

လှူဒါန်းပွဲတွင် အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း)က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဗိုလ်မှူးမောင်လတ်(ငြိမ်း)နှင့် ဒေါ်နန်းယဉ်ယဉ်တို့က ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းနှင့် သား ဦးတင်လတ်နှင့် ဒေါ်ခင်ပြုံးတင့်တို့က ဦးပိုင်ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်း ပေးအပ် လှူဒါန်းကြရာ **(အပေါ်ပုံ)** တပ်မှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ကမ္ဘောဇလမ်းနေ ကွယ်လွန်သူ ဒေါက်တာ ဒေါ်အေးအေးမူအား ရည်စူး၍ ဒေါက်တာဦးဆွေမြင့်(သား) မောင်အာကာဆွေအေး မိသားစုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၁၀–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **တစ်ဘဝသာသနာကျမ်းပြု ဆရာတော်၏ သာသနာတစ်ဘဝ အပိုင်း(၆)**
၈:၃၀ ၁၀။ **ဆရာတော်ဦးဃောသိတတရားတော် “ပဋိစ္စသမုပ္ပာဒ်နှင့်ကမ္မဘဝရှင်းတမ်း”**
၉:၃၀ ၁၁။ အပိတ်နှုတ်ဆက်စကား
၉:၃၁ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Contemporary Western Philosophy Pragmatism. (ဒုတိယနှစ်–ဒဿနိကဗေဒ)
၄:၅၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း– ကြော်ငြာချစ်သူ (အပိုင်း–၂၇)**
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ပဟေဠိနန်းတော်
၁၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၇။ **English Premier League ဘောလုံးပွဲ Manchester City Vs Westham United.**
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ။

❍ ရှေ့ဖုံးမှ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အနုသုခုမ ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုနားသောတဆင်အားပေးကြသည်။

အဆိုပြိုင်ပွဲ

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာ့

> **တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မဆုမွန်သော် ယှဉ်ပြိုင်စဉ်။**
> (ကြေးမုံ)

အသံနှင့် ရုပ်မြင်သံကြားလက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုးသား) မဟာဂီတ သီချင်းကြီး အဆိုပြိုင်ပွဲကို ကျင်းပရာ မြဝတီမင်းကြီးရေးစပ်သီကုံးသည့် စုံသာမြိုင်လယ် (သီချင်းခံ) ဖြင့် ဧရာဝတီတိုင်းမှ ဦးအောင်သောင်း၊စစ်ကိုင်းတိုင်းမှ ဦးမောင်လေး၊ မန္တလေးတိုင်းမှ ဦးအေးသန့်၊ မွန်ပြည်နယ်မှ မောင်ပိုးလေး(ခ) မျိုးမင်းဝင်း၊ မကွေးတိုင်းမှ ဦးလှသန်း၊ ရန်ကုန်တိုင်းမှ ရန်ကုန်သန်းဆွေနှင့် ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်တို့ ပါဝင်သီဆို ယှဉ်ပြိုင်ကြပြီး နံနက် ၁၁နာရီ ၁၀မိနစ်တွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး) မဟာဂီတ သီချင်းကြီး အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပပဝင်းဝင်း (ပတ်ပျိုး) သီချင်းဖြင့် ပဲခူးတိုင်းမှ မမေသက်လှိုင်၊ မွန်ပြည်နယ်မှ မအေးမြသီတာ၊ ရန်ကုန်တိုင်းမှ မစပယ်ဖြူသိန်း(ခ) ဖြူစင်သူ၊ စစ်ကိုင်းတိုင်းမှ မကြူကြူလွင်၊ ကရင်ပြည်နယ်မှ မဖြူဖြူအောင်၊ ဧရာဝတီတိုင်းမှ မဇင်ပြည့်ပြည့်ဖြိုး၊ မကွေးတိုင်းမှ မသန္တာအေး၊ မန္တလေးတိုင်းမှ မအေးမိစံနှင့် မနန္ဒာလင်း၊ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့် ရခိုင်ပြည်နယ်မှ မဖြူဖြူသိန်းတို့ ပါဝင်သီဆိုယှဉ်ပြိုင်ကြပြီး အဆိုပြိုင်ပွဲ တတိယနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) ဓမ္မပူဇာတေး ပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် ပညာရှင်အဆင့်(အမျိုးသား)ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲများကို စတုတ္ထနေ့အဖြစ် အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

> **ဝါသနာရှင်အဆင့် (အမျိုးသား) ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ ဦးသဲမောင်နှင့်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။**
> (သတင်းစဉ်)

အကပြိုင်ပွဲ

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် အမျိုးသားဇာတ်ရုံ၌တတိယနေ့အဖြစ်ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(အမျိုးသား) အကပြိုင်ပွဲ၌ မကွေးတိုင်းမှ ဦးမော်ကွန်း၊ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်ကျော်၊ ပဲခူးတိုင်းမှ ဦးစိုးကိုကို၊ ရှမ်းပြည်နယ်မှ မောင်ကျော်လင်းနောင်၊ ကချင်ပြည်နယ်မှ မောင်ဝင်းချစ်၊ မန္တလေးတိုင်းမှ ဦးမင်းသူ၊ မွန်ပြည်နယ်မှ မောင်မိုးဆုအောင်၊ မန္တလေးတိုင်းမှ ဦးကျော်စန်းဝင်း၊ စစ်ကိုင်းတိုင်းမှ ကိုအောင်အောင်ခိုင်၊ ဧရာဝတီတိုင်းမှ ဦးစိုးလင်းကျော်၊ ရခိုင်ပြည်နယ်မှ မောင်သားနောင်၊ ကရင်ပြည်နယ်မှ စောခင်မောင်အေးနှင့် ရန်ကုန်တိုင်းမှ မောင်အောင်ကျော်ဖိုလ်တို့ ပါဝင်ကပြပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို နံနက် ၁၀နာရီ ၃၅မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့်အသက် (၁၀–၁၅)နှစ်(အမျိုးသမီး)အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မကြည်နူးပွင့်၊ မကွေးတိုင်းမှ မငြိမ်းချမ်းခိုင်၊ ကချင်ပြည်နယ်မှ မဇင်ယော်မေ၊ မန္တလေးတိုင်းမှ မခင်စန္ဒာသန့်၊ ကယားပြည်နယ်မှ မထက်ဦးလှိုင်၊ ရှမ်းပြည်နယ်မှ မဆုမွန်သော်၊ ရခိုင်ပြည်နယ်မှ မဆောင်းသက်ခင်၊ ပဲခူးတိုင်းမှ မနှင်းလဲ့ရည်ကျော်၊ ချင်းပြည်နယ်မှ မဂျူလီယာပန်းဖွေး၊ စစ်ကိုင်းတိုင်းမှ မပန်းအိဖြူ၊ မွန်ပြည်နယ်မှ မကံ့ကော်ကို၊ ဧရာဝတီတိုင်းမှ မအင်ကြင်းဖွေး၊ မန္တလေးတိုင်းမှ မစုပိုပိုအောင်၊ ရန်ကုန်တိုင်းမှ မအေးချမ်းမြေ့၊ တနင်္သာရီတိုင်းမှ မစိုးစန္ဒာဦးနှင့် ကရင်ပြည်နယ်မှ မြိုင်ကြီးငှ နန်းမိမိအေးတို့ ပါဝင်ကပြပြိုင်ပွဲဝင်ကြပြီး တတိယနေ့ အကပြိုင်ပွဲ အစီအစဉ်များကို ညနေ ၃နာရီတွင် ရပ်နားလိုက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းတွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသား) အကပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသမီး) အကပြိုင်ပွဲများကို ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

အရေးပြိုင်ပွဲ

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉နာရီတွင် ပန်တျာကျောင်း၌တတိယနေ့အဖြစ် ဆက်လက် ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အရေးပြိုင်ပွဲ၌ "မျိုးချစ်စိတ်ဓာတ်" သီချင်းခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ မောင်အောင်မင်းစိုး၊ မွန်ပြည်နယ်မှ မဆုမြတ်နွယ်၊ ရှမ်းပြည်နယ်မှ မောင်လင်းထက်သူ၊ စစ်ကိုင်းတိုင်းမှ မဟန်နီမျိုးညွန့် ၊ တနင်္သာရီတိုင်းမှ မဝင်းယုယုဖြိုး၊ ပဲခူးတိုင်းမှ မရွှေမိမိအောင်၊ မန္တလေးတိုင်းမှ မောင်ဖိုးလရောင် ရန်ကုန်တိုင်းမှ မဆုရွက်ဝေနှင့် မခိုင်ချိုလတ်တို့ ပြိုင်ပွဲဝင် ရေးသားကြသည်။

ယင်းနောက် အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲတွင် "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" သီချင်းခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ မောင်မိုးသူ၊ ကယားပြည်နယ်မှ မောင်စိုးရာဇာဝင်း၊ ကရင်ပြည်နယ်မှ မောင်ဇေယျာထွန်း၊

စစ်ကိုင်းတိုင်းမှ မောင်ရာဇာချစ်၊ မွန်ပြည်နယ်မှ မောင်သိန်းတင်ဦး၊ တနင်္သာရီတိုင်းမှ မောင်ဇော်လင်းဦး၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့် မသီသီနိုင်၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်းနှင့် မမိုးမိုးယဉ်မင်း၊ ဧရာဝတီတိုင်းမှ မောင်လင်းထွဋ်တို့ ပြိုင်ပွဲဝင် ရေးသားကြသည်။

ယနေ့ကျင်းပသည့် အရေးပြိုင်ပွဲများကို အရေးပြိုင်ပွဲအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကလေးဦးတင့်အောင်နှင့် အရေးပြိုင်ပွဲအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်ပေးကြသည်။

အောက်တိုဘာ ၁၆ရက်တွင် အခြေခံ ပညာအဆင့် အသက်(၅–၁၀)နှစ်နှင့် ပညာရှင်အဆင့် အရေးပြိုင်ပွဲဝင်များသည် သီချင်းလေ့ကျင့်ခြင်းကို ဆောင်ရွက်ကြမည်ဖြစ်သည်။

> **တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရို... အရေး၊ အတီးပြိုင်ပွဲ၏ ဝိဇ္ဇုရဇာတ်တော်ကြ... ကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒုတိယ... ရန်ကုန်တိုင်းမှ မောင်ဉာဏ်ဝင်းနှင့်အဖွဲ့ ယှဉ်ပြ... ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေး... ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်... ကြည့်ရှုအားပေးစဉ်။**

အတီးပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို ယနေ့နံနက် ၉နာရီ တွင် ပဒုမ္မာဇာတ်ရုံ၌ တတိယနေ့ အဖြစ် ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်မိုးကျော်နှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မောင်စိုးသိန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ထက်အောင်ပြည့်ဖြိုး (ခ) မင်းဟိန်းကျော်နှင့်အဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်တီးမှုတ်ကြပြီး ပြိုင်ပွဲကို နံနက် ၁၁နာရီတွင် ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် ဝါသနာရှင်အဆင့်(အမျိုးသား) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမှ ဦးကိုကိုဇော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ရဲအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးထက်ကိုကိုနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ရှိုင်းအောင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးသဲမောင်နှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ပတ္တမြားကုလားနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မြန်မာပြည်သားဖိုးဇော်နှင့်အဖွဲ့နှင့် မကွေးတိုင်းမှ မောင်စွမ်းထက်နှင့် အဖွဲ့တို့ အသီးသီး ပါဝင်ယှဉ်ပြိုင်တီးမှုတ်ကြသည်။

ဆိုင်းအဖွဲ့လိုက်

ယနေ့ကျင်းပသော အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းအဖွဲ့

> **အခြေခံ ပညာအဆင့် အသက်(၁၅–၂၀) နှစ် အရေး ပြိုင်ပွဲတွင် မွန် ပြည်နယ်မှ မဆုမြတ်နွယ်ပါဝင်ယှဉ်ပြိုင်စဉ်။**
> (သတင်းစဉ်)

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ပန်တျာကျောင်း)	(ကမ္ဘောဇဇာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အက/ဇာတ်သဘင်	အရေး	အတီး	အတီး
၄။	၁၆–၁၀–၂၀၀၅ (တနင်္ဂနွေနေ့)	**ဓမ္မပူဇာတေး(နံနက်)** (၁) အခြေခံ (၁၀–၁၅) (မ) ခေတ်ဟောင်း/ကာလပေါ်(နေ့လယ်) (၂) ပညာရှင် (ကျား)	**အမျိုးသားအက(နံနက်)** (၁) အဆင့်မြင့် အမျိုးသမီးအက (နေ့လယ်) (၂) အခြေခံ (၅–၁၀) ဝိဇ္ဇုရဇာတ်တော်ကြီး(ညပိုင်း) မန္တလေးတိုင်း ဦးတင်သိန်းဇာတ်အဖွဲ့	**အရေးပြိုင်ပွဲဝင်များသီချင်း လေ့ကျင့်ခြင်း** (၁) အခြေခံ (၅–၁၀) (နံနက်) (၂) ပညာရှင် (နေ့လယ်)	**ပတ္တလား** (၁) ဝါသနာရှင်(ကျား) (နံနက်) (၂) အခြေခံ(၁၀–၁၅)(မ)(နေ့လယ်)	**ဒိုးပတ်** (၁) ဝါသနာရှင်(နံနက်) (၂) အခြေခံ(၁၀–၁၅) (နေ့လယ်)

တေရသမအကြိမ် (... အဆို၊ အက၊ အ...

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာ...
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု ...
၃။ မြန်မာ့ဂီတ၊ မြန်မာ့အ... ဆက်လက်ထွန်းကားပြန့်...
၄။ မြန်မာတို့၏ အမျိုးသား...
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်...
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု ...
၇။ တိုင်းရင်းသား စည်းလုံး... လာစေရန်။



တေရာသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဉာဏ်ဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်မှုကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲ ဒုတိယနေ့ကျင်းပ ရန်ကုန်တိုင်းမှ မောင်ဉာဏ်ဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

ရန်ကုန် အောက်တိုဘာ ၁၅

တေရာသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဉာဏ်ဝင်းနှင့်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ယှဉ်ပြိုင်တင်ဆက်ပွဲသို့ တေရာသမ အကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊အမှတ်(၃)စစ်ဒေသမှူးဗိုလ်မှူးကြီး တင့်ဆန်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ကော်မတီဝင်များ၊ စာပေ၊သဘင်၊ဂီတပညာရှင်ကြီးများ၊ အနုသုခုမပညာကို ချစ်ခင်လေးစားမြတ်နိုးသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဇာတ်သဘင်အကဲဖြတ် လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဦးချစ်ဦးညိုနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ် အကဲဖြတ်အမှတ်ပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်ပွဲတွင် မောင်ဉာဏ်ဝင်းက ဝိဓူရ အမတ်အဖြစ် လည်းကောင်း၊ ကိုသန်းစိုးက ပုဏ္ဏကနတ်ဘီလူးအဖြစ် လည်းကောင်း မစောလှလှမိုးက ဝိဓူရကတော် အနော်ဇာအဖြစ် လည်းကောင်း၊ ဦးကျော်လှက ကောရဗျမင်းအဖြစ်လည်းကောင်း၊ ဦးဝေလာက သိကြားမင်းအဖြစ်လည်းကောင်း၊ ဦးအောင်ဟိန်းက ဝရုဏနဂါးမင်းအဖြစ် လည်းကောင်း၊ မကြူကြူခိုင်က ဝိမလာနဂါးဒေဝီအဖြစ် လည်းကောင်း၊ဦးအာလူးက ဂဠုန်မင်းအဖြစ် လည်းကောင်း၊ မမြင့်မြင့်ကြည်က ဣရန္ဒတီ အဖြစ်လည်းကောင်း တောင်စွန်းအောင်တိုး ရေးသားသည့် ဇာတ်ညွှန်းကို ပြည်မြန်မာဟိန်းရာဇာဆိုင်းအဖွဲ့နှင့် တွဲဖက်လျက် ဦးတည်ချက်နှင့်အနှစ်သာရ ပြည့်ဝစွာဖြင့် ဝိဓူရဇာတ်တော်ကြီးကို အနုပညာရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

အောက်တိုဘာ ၁၆ရက် ည ၇နာရီတွင် ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲ တတိယနေ့အဖြစ် မန္တလေးတိုင်းအဖွဲ့က ကပြယှဉ်ပြိုင်တင်ဆက်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

အတီးပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို ယနေ့နံနက် ၉နာရီ တွင် ပဒုမ္မာဇာတ်ရုံ၌ တတိယနေ့ အဖြစ် ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်မိုးကျော်နှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မောင်စိုးသိန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ထက်အောင်ပြည့်ဖြိုး (ခ) မင်းဟိန်းကျော်နှင့်အဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်တီးမှုတ်ကြပြီး ပြိုင်ပွဲကို နံနက် ၁၁နာရီတွင် ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် ဝါသနာရှင်အဆင့်(အမျိုးသား) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမှ ဦးကိုကိုဇော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ရဲအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးထက်ကိုကိုနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ရှိုင်းအောင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးသဲမောင်နှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ပတ္တမြားကုလားနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မြန်မာပြည်သားဖိုးဇော်နှင့်အဖွဲ့နှင့် မကွေးတိုင်းမှ မောင်စွမ်းထက်နှင့် အဖွဲ့တို့ အသီးသီး ပါဝင်ယှဉ်ပြိုင်တီးမှုတ်ကြသည်။

ဆိုင်းအဖွဲ့လိုက်

ယနေ့ကျင်းပသော အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့်(အမျိုးသား)ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲများကို ဦးစိန်စတင်းခေါင်းဆောင်သော ဆိုင်းအတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းတွင် ပဒုမ္မာဇာတ်ရုံ၌ ဝါသနာရှင်အဆင့်(အမျိုးသား) ဒိုးပတ်အတီးပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား) ဒိုးပတ် အတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ကမ္ဘောဇဇာတ်ရုံ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပညာရှင်အဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲ၌ “ထူးမခြားနား (သီချင်းခန့်)”ဖြင့် ရန်ကုန်တိုင်းမှ မြန်မာပြည်လှိုင်မင်း၊ ပဲခူးတိုင်းမှ ရေတာရှည်ဦးစိန်တင်အောင်၊ ရှမ်းပြည်နယ်မှ ဦးမောင်မောင်မြင့်၊ ဧရာဝတီတိုင်းမှ ဦးမောင်ဟန်၊ မကွေးတိုင်းမှ ဦးကျော်ဌေးနှင့် ရန်ကုန်တိုင်းမှ ဦးတင်ဝင်းတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ပညာရှင်အဆင့် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲ၌ “သိင်္ဂါရွှေရောင်(ပတ်ပျိုး)”ဖြင့်မန္တလေးတိုင်းမှ ဒေါ်သန်းသန်းညွှန့်နှင့် ဒေါ်စိန်စိန်ရင်တို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲ၌ “ကျေးစေတမန် (ကာလပေါ်)” သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ထူးအောင်၊ ဧရာဝတီတိုင်းမှ မောင်သက်လွန်အောင်ထွန်း၊ ပဲခူးတိုင်းမှ မောင်သူရနှင့် ရန်ကုန်တိုင်းမှ မောင်ဖေယျာစိုးဦးတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၅–၂၀) နှစ် (အမျိုးသမီး) ဒုံမင်း အတီးပြိုင်ပွဲ၌ “ ဝေဇယန္တာ (ယိုဒယား)”ဖြင့် ရန်ကုန်တိုင်းမှ မရွှေစင်ချစ်နှင့် မန္တလေးတိုင်းမှ မခင်နီလာစိုး တို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀–၁၅) နှစ် (အမျိုးသား) ဒုံမင်း အတီးပြိုင်ပွဲ၌ “အတိုင်းမသိ မင်္ဂလာကျက်သရေ(ဘွဲ့)” ဖြင့် ဧရာဝတီတိုင်းမှ မောင်မိုးဝေ၊ မန္တလေးတိုင်းမှ မောင်မြင့်သိန်းနှင့် ပဲခူးတိုင်းမှ မောင်သီဟလင်းတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက်အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲ၌ “ခွဲ(ကာလပေါ်)” သီချင်းဖြင့် ရှမ်းပြည်နယ်မှ မနေရည်၊ ပဲခူးတိုင်းမှ မသင်းသင်းဟန်၊ ရန်ကုန်တိုင်းမှ မကေဇင်ထွန်းဦး၊ မကွေးတိုင်းမှ မအင်ကြင်းဦး၊ မန္တလေးတိုင်းမှ မဇာနည်ခိုင်၊ ရန်ကုန်တိုင်းမှ မနန်းကြာညိုကျော့နှင့် မွန်ပြည်နယ်မှ မအိအိချိုတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ယနေ့ကျင်းပသည့် ဒုံမင်းအတီးပြိုင်ပွဲများကို အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဂီတလုလင် ဦးကိုကိုနှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ၁၆ရက်တွင်ဝါသနာရှင်အဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲများကို ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကုံလုံကြွယ်ဝ တေရာသမ

* ဆို က ရေး တီး ပြိုင်ပွဲကြီး
ဝှဲချီးကျင်းပ တေရာသမ။
* ထက်အောက်မြန်ပြည် ဝဲယာဆီ
စုံညီလာကြ တေရာသမ။
* ညီနောင်ရင်းချာ ပေါင်းဆုံကာ
ညီညာဖြဖြ တေရာသမ။
* မြန်မာ့အစွမ်း ကမ္ဘာလွှမ်း
ပြည့်လျှမ်းကြွယ်ဝ တေရာသမ။
* မျိုးချစ်စိတ်မှန် ဇာတိမာန်
ဇေန်ညွှန်ပြ တေရာသမ။
* ရိုးရာအစစ် အမွေအနှစ်
ဖွေလှစ်ဖော်ပြ တေရာသမ။
* မြန်မာ့ဂီတ မြန်မာ့အက
စုံလှတင်ပြ တေရာသမ။
* အမျိုးသားရေးရာ လက္ခဏာ
စဉ်လာထိန်းလှ တေရာသမ။
* လူငယ်ထုကျိုး စိတ်ဖွံ့ဖြိုး
ကြိုးဆောင်နိုင်စွ တေရာသမ။
* တိုင်းခြားယဉ်ကျေး မလွှမ်းရေး
မနေးတားပ တေရာသမ။
* တိုင်းရင်းသားစု စည်းလုံးမှု
ပြည်ထောင်စုစိတ်ဓာတ်ကြွယ်ဝ တေရာသမ။
* တေရာသမဂုဏ် စာဖွဲ့မကုန်
ကုံလုံကြွယ်ဝနိုင်လွန်းစွ။ ။

[တေရာသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်–]

ဒေါက်တာသန်းဦး

တေရာသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၁၀–၂၀၀၅ (တနင်္ဂနွေနေ့)

၁၃၆၇ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ (ပထမပိုင်း)
၈:၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၁၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၃၀ ၇။ International News.
၈:၄၅ ၈။ Say it in English
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ ဝါကျွတ်တေးများ
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စောရဝိစ္ဆာနှင့် မိစ္ဆာခွင်းဓား” (အပိုင်း–၄၇)**
၁၂:၁၅ ၅။ အမြင်သစ် အသွင်သစ် တို့ကျေးရွာ [ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက် မြို့နယ် ပင်ဖြစ်စံပြကျေးရွာ]
၁၂:၃၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း “ရဟန်းစားရသော ဆွမ်းတစ်နပ်” (ဇော်လင်း၊ အံ့ကျော်၊ မြတ်သစ်၊ နေမျိုး) (ဒါရိုက်တာ–မောင်နှင်းမိုး)**
၁:၃၀ ၇။ ဓမ္မပူဇာတေးအစီအစဉ်
၁:၄၅ ၈။ “ထုထည်ကြီးမား ထင်ရှားဇေကန်ဓမ္မရုံ”
၁:၅၅ ၉။ အတီးပြိုင်ပွဲ
၂:၁၀ ၁၀။ **“သတင်းကောင်း” (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ–ညိုမင်းလွင်)**
၂:၃၀ ၁၁။ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ဘော်လီဘော)
၂:၄၅ ၁၂။ International News.
၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ဆဋ္ဌမအကြိမ်) ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက–၄၊ တာမွေ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၅၀ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
၅:၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၀ ၇။ ဝါကျွတ်တေးများ
၅:၃၅ ၈။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၅:၄၅ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စိမ်းလဲ့မေတ္တာကန်သာယာ” (အပိုင်း–၁၆)**
၇:၃၅ ၁၃။ **ကမ္ဘာ့စားနပ်ရိက္ခာနေ့ဂုဏ်ပြုအစီအစဉ် “စားနပ်ရိက္ခာဖူလုံရေး တွေ့ဆုံဆွေးနွေးဖြည့်ဆည်းပေး”**
၇:၄၅ ၁၄။ ဖောင်တော်ဦးဘုရားပွဲတော် (အင်းလေး)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ၂၀၀၅ခုနှစ် တေရာသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ထာဝရချစ်သူ” (အပိုင်း–၁၇)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတော်တွင် တည်ငြိမ်မြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်း ဆက်တိုက်ရရှိနေ ထိုအခြေအနေကောင်းများ ဆက်လက်ထိန်းသိမ်းပြီး ဘက်ညီဘတ်ဂျက်ဖြစ်ပေါ်စေရေး ပြည်ပပို့ကုန်တန်ဖိုး တိုးတက်လာစေရေး တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်

ရန်ကုန် အောက်တိုဘာ ၁၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၂၀၀၅ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်းနှင့် ခရိုင်အသီးသီးမှ စီမံကိန်းဦးစီးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံအနေဖြင့် တတိယကာလတိုငါးနှစ် စီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ ရေးဆွဲအကောင်အထည် ဖော်လျက်ရှိရာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စီမံကိန်းရည်မှန်းချက်ကို ကျော်လွန်အောင် အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း၊ ယခုအချိန်သည် တတိယကာလတိုငါးနှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဩဂုတ်လကုန်အထိ စီမံကိန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း၊ အကောင်အထည်ဖော်ပြီးစီးမှုပေါ် မူတည်၍ အားသာအားနည်းချက်များကို သုံးသပ်ပြီး ယခုနှစ် စီမံကိန်း ရည်မှန်းချက်များ အောင်မြင်အောင် ကဏ္ဍအသီးသီးမှ ဌာနအားလုံး ပါဝင်၍ အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့လုပ်ငန်းဌာနအလိုက် ၂၀၀၅ ခုနှစ် ဩဂုတ်လကုန်အထိ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဒုတိယဝန်ကြီးက ဌာနဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်စေရေးအတွက် ဆွေးနွေး ပြောကြားသည်။

ယင်းနောက် ဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်တွင် တည်ငြိမ်မြင့်မားသော စီးပွားရေး တိုးတက်မှုနှုန်းကို ဆက်တိုက်ရရှိနေပြီဖြစ်ရာ ထိုအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဘက်ညီဘတ်ဂျက်ဖြစ်ပေါ်စေရေး၊ ပြည်ပပို့ကုန်တန်ဖိုး တိုးတက်လာစေရေး၊ နိုင်ငံခြားငွေအရ-အသုံး သာမန်စာရင်း ပိုငွေရရှိရေးနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းထားရေးတို့အတွက် ကဏ္ဍအသီးသီးမှ ဌာနအားလုံးပါဝင်ကာ အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုနှစ်အတွင်း ရုံးချုပ်နှင့် ပြည်နယ်/တိုင်းအလိုက်၊ ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များကို လျာထားသည့် အချိန်အတိုင်းပြီးစီးအောင် ဝန်ထမ်းများအားလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြရန်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ထိရောက်တွင်ကျယ်စွာ အသုံးပြုရန်၊ ကိန်းဂဏန်းအချက်အလက်များ တိကျ၊ ခိုင်မာ၊ ပြည့်စုံ၊ မှန်ကန်မှုရှိပြီး ပကတိအခြေအနေကို ဖော်ညွှန်းသည့် ကိန်းဂဏန်းများဖြစ်ရေးအတွက် ဂရုပြုဆောင်ရွက်ကြရန်၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် စိတ်ဓာတ်၊ စိတ်ထားကောင်းမွန်ရန်၊ ပညာရပ်ကျွမ်းကျင်မှုရှိစေရန်နှင့် မဆုတ်မနစ်သော ဇွဲလုံ့လသန္နိဋ္ဌာန် ရှိကြစေရန် လိုကြောင်း၊ ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒလေးရပ်နှင့်အညီ ဆောင်ရွက်သွားကြရန် ပြောကြားသည်။

(သတင်းစဉ်)

မဟာစည်ဓမ္မကထိက ဆရာတော်များအားပင့်လျှောက်

ရန်ကုန် အောက်တိုဘာ ၁၅

မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ဝင်သစ် ရွေးချယ်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ယခုနှစ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပါ၍ ဓမ္မကထိကရွေးချယ်ပွဲကို ဝင်ရောက်လိုသော အရှင်မြတ်များသည် မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆရာတော် ဦးဇဋိလ (မဟာစည်ရိပ်သာကြီး)ထံသို့ ကြိုတင်လျှောက်ထားလွှာတင်သွင်းပြီး ၁၃၆၇ ခုနှစ် နတ်တော်လဆန်း ၁၃ရက်၊ (ဒီဇင်ဘာ ၁၃ရက်)အရောက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီးသို့ ကြွရောက်ကြပါရန် ပင့်လျှောက်ထားကြောင်း သိရသည်။ (က-ပ)

"များများသယ်၊ မြန်မြန်ပို့၊ ပြည်သူစိတ်ချမ်းသာဖို့" ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၅ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒေသဆိုင်ရာလုပ်ငန်းတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ပို့ဆောင်ရေးကဏ္ဍ၏ လျာထားချက်များပြည့်မီအောင် ဆောင်ရွက်ရေး၊ လျာထားချက်ဝင်ငွေ ပြည့်မီရာဖွေနိုင်ရေးနှင့် ရငွေ၊ သုံးစွဲငွေ စိစစ် သုံးစွဲကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဒေသဆိုင်ရာ လုပ်ငန်းတာဝန်ခံများက ဒေသအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းများ တိုးတက်မှု အခြေအနေများ၊ စီမံကိန်းလုပ်ငန်းကြီးများ ပြီးစီးမှုအခြေအနေ၊ ဝင်ငွေနှင့် အသုံးစရိတ်အခြေအနေ၊ စက်သုံးဆီနှင့် လျှပ်စစ်စိစစ် သုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဦးဖေသန်းတို့က ဌာနအကြီးအကဲများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်တင်ပြကြပြီး ဝန်ကြီးက "များများသယ်၊ မြန်မြန်ပို့၊ ပြည်သူစိတ်ချမ်းသာဖို့" ဆိုသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ အကျိုးစီးပွားကို ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြရေး၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနတို့၏ အကျိုးကို တိုးတက်ဖြစ်ထွန်းအောင် အမြဲနှလုံးသွင်းပြီး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဓာတိမြေ၌ ကထိန်ခင်းမည်

ရန်ကုန် အောက်တိုဘာ ၁၅

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ကထိန်ပွဲကို ဝါးခယ်မမြို့ရှိ ရွှေသံလွင်စာသင်တိုက်၌ နိုဝင်ဘာ၆ရက်(တနင်္ဂနွေနေ့)၌ ကျင်းပမည်။ ထိုနေ့နံနက် အရုဏ်တွင် ဝါးခယ်မမြို့ သကျမဟာသီရိဘုရားကြီးအား မျက်နှာသစ်တော်ရေ ကပ်လှူပြီး သံဃာတော်များအား အရုဏ်ဆွမ်းကပ်လှူကြမည်။

ဝါးခယ်မမြို့သို့ ဝါးခယ်မနယ်ဖွား သံဃာတော် ၁၆ပါးနှင့် အသင်းဝင်များသည် နိုဝင်ဘာ ၅ရက်(စနေနေ့) နံနက် ၆ နာရီတွင် ကားများဖြင့် ရန်ကုန်မြို့ အသင်းတိုက်မှ ထွက်ခွာကြမည်။

ကထိန်အတွက် ပင့်သံဃာမှာ ၇၁ ပါးဖြစ်ပြီး သံဃာတစ်ပါးလျှင် သင်္ကန်း၊ ဆွမ်း၊ နဝကမ္မအတွက် အလှူငွေကျပ် ၅၀၀၀ နှင့် လှူဖွယ်ပစ္စည်းများကို နိုဝင်ဘာ၁ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ရန်ကုန်မြို့ အသင်းတိုက် ဖုန်း-၂၂၆၅၉၀သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းနှင့် ဝါးခယ်မမြို့သို့ လိုက်ပါ မည့်သူများသည် ယင်းနေ့ကို နောက်ဆုံးထား၍ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၅-၁၀-၂၀၀၅)

ပုသိမ်	၅	ဒသမ	၂၄	လက်မ
ကလေး	၂	ဒသမ	၈၀	လက်မ
ပခုက္ကူ	၂	ဒသမ	၆၀	လက်မ
ကျောက်တော်	၂	ဒသမ	၄၀	လက်မ
မင်းဘူး	၁	ဒသမ	၈၉	လက်မ
ပြည်	၁	ဒသမ	၈၁	လက်မ
ညောင်ဦး	၁	ဒသမ	၆၅	လက်မ
မကွေး	၁	ဒသမ	၃၈	လက်မ
မုံရွာနှင့် ထားဝယ်	၀	ဒသမ	၉၈	လက်မ

တရုတ်-အာဆီယံ အီးပီဂျီ အစည်းအဝေး မလေးရှား၌ ကျင်းပ စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်း တက်ရောက်ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာ ၁၂ရက်နှင့် ၁၃ရက်တို့တွင် ကျင်းပမည့် 2nd China -ASEAN Eminent Persons Group (EPG) အစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာ ၁၁ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၄နာရီခွဲတွင် ကွာလာလမ်ပူမြို့သို့ ရောက်ရှိသည်။

ဝန်ကြီး ဦးအောင်သောင်းသည် ယင်းနေ့ ည ၇နာရီခွဲတွင် Mandarin Oriental Hotel ၌ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Datuk Seri Hamid Jaafar Albar က EPG အဖွဲ့ဝင်များအား ဂုဏ်ပြုတည်ခင်းသော ညစာစားပွဲသို့ တက်ရောက်သည်။

ယင်းညစာ စားပွဲတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ပူးတွဲသဘာပတိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း H.E. Mr. Qian Qichen တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဝန်ကြီး ဦးအောင်သောင်းသည် အောက်တိုဘာ ၁၂ရက် နံနက် ၈နာရီတွင် Mandarin Oriental Hotel ၌ကျင်းပသော အာဆီယံနိုင်ငံများမှ EPG အဖွဲ့ဝင်များ၏ အကြိုညှိနှိုင်းအစည်းအဝေးသို့ လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ကျင်းပသော 2nd China -ASEAN Eminent Persons Group (EPG) သို့ လည်းကောင်း တက်ရောက်ကြသည်။

2nd China -ASEAN Eminent Persons Group (EPG) အစည်းအဝေးတွင် ပူးတွဲသဘာပတိများအဖြစ် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း H.E. Tan Seri Dato Musa Hitam နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း H.E. Mr. Qian Qichen တို့က ဆောင်ရွက်ကြသည်။

ပါဝင်ဆွေးနွေး

အစည်းအဝေး နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာတွင် ပထမအကြိမ် တရုတ်–အာဆီယံ EPG အဖွဲ့အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များကို အခြေခံ၍ ပြုစုထားသော အာဆီယံ–တရုတ် ထိပ်သီး အစည်းအဝေးသို့ တင်ပြမည့် EPG အဖွဲ့၏ အစီရင်ခံစာ (မူကြမ်း)ကို တက်ရောက်လာကြသော EPG အဖွဲ့ဝင်များက အကျေအလည် ဆွေးနွေးကြပြီး ဝန်ကြီး ဦးအောင်သောင်းသည် EPG အဖွဲ့၏ အစီရင်ခံစာ (မူကြမ်း)အပေါ် မြန်မာကိုယ်စားလှယ်၏ သဘောထားကို ပါဝင်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် EPG အဖွဲ့က အာဆီယံနှင့် တရုတ်နိုင်ငံ အကြီးအကဲများထံ တင်ပြမည့် (EPG) အဖွဲ့၏ အစီရင်ခံစာကို အစည်းအဝေးက တညီတညွတ်တည်း သဘောတူအတည်ပြုကြပြီး EPG အဖွဲ့ဝင်များက အဆိုပါ အစီရင်ခံစာ၌ အသီးသီး လက်မှတ်ရေးထိုးကြသည်။

နိဂုံးချုပ်

ယင်းနောက် အစည်းအဝေးတွင် ပူးတွဲသဘာပတိများ ဖြစ်ကြသည့် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း H.E. Tan Seri Dato Musa Hitam နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း H.E. Mr.Qian Qichen တို့က နိဂုံးချုပ်စကားပြောကြားကြပြီး အစည်းအဝေးကို ညနေ ၅နာရီတွင် ရုပ်သိမ်းခဲ့သည်။

အောက်တိုဘာ ၁၂ရက် ည ၈ နာရီတွင် အဆိုပါ အစည်းအဝေးသို့ တက်ရောက်လာကြသော EPG အဖွဲ့ဝင်များအား မလေးရှားနိုင်ငံမှ EPG အဖွဲ့ဝင်နှင့် ပူးတွဲသဘာပတိ H. E. Tan Seri Dato Musa Hitam က ကွာလာလမ်ပူမြို့ KLCC, Petronus Twin Tower အဆောက်အအုံ၌ နှုတ်ဆက်ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် 2nd China-ASEAN Eminent Persons Group (EPG) အစည်းအဝေးသို့ တက်ရောက်ကြသူများနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (စက်မှု–၁)

နဝင်္ဂဥပေါသထ ကိုးပါးသီလ ချီးမြှင့်မည်

ရန်ကုန် အောက်တိုဘာ ၁၅

၁၃၆၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ၂၀၀၅ ခုနှစ် အောက်တိုဘာ (၁၇)ရက် တနင်္လာနေ့တွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသုမင်္ဂလာ လင်္ကာရ (ပီအိပ်ချ်ဒီ)က နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များ အပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

ခေတ္တရာအသင်း ကထိန်သင်္ကန်း ကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၅

ခေတ္တရာအသင်း ရန်ကုန်မြို့ (ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)က ကြီးမှူး၍ ရန်ကင်းမြို့နယ်၊ ပဥ္စနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက်၊ ပဓာန နာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသ အမှူးပြုသော သံဃာတော်များအား ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက် ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ခေတ္တရာ ခြောက်မြို့နယ် မိသားစုများ တက်ရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ကြောင်းနှင့် ဦးသန်းထွန်း ဖုန်း–၃၇၄၅၃၁၊ ဦးဌေးအောင် ဖုန်း–၂၄၆၄၉၅၊ ၅၀၃၆၆၇၊ ဦးဘိုနီ ဖုန်း–၇၀၉၀၄၅၊ ဦးဖေကြည် ဖုန်း–၂၈၁၃၅၇၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် (ငြိမ်း) ဖုန်း–၅၂၆၃၄၃တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ်၂၀၀၄ခုနှစ်၊သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား–

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၂၀၇ မှုတွင်တရားခံ ၂၁၀အား အနည်းဆုံးထောင်ဒဏ်နှစ်နှစ်မှ အများဆုံးထောင်ဒဏ်သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု ၁၀၇မှုတွင် တရားခံ ၁၆၀အား အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၅ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင် ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်–

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည် ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း) ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဝန်ကြီး ဦးအောင်သောင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌အောက်တိုဘာ ၁၂ရက်နှင့် ၁၃ရက်တို့တွင် ကျင်းပခဲ့သော 2nd China-ASEAN Eminent Persons Group (EPG) အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ နံနက် ၁၁နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပညာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီး ဦးအောင်သောင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးကျော်မြင့်၊ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ဒုတိယစက်ရုံမှူး ဦးဖြိုးမြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနစုမှူး(၁) ဒေါ်မြတ်သီတာ အေးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပွဲ ဘဏ္ဍာ/အခွန်က ကမ္ဘောဇကို ဂိုးပြတ်နိုင်

ရန်ကုန် အောက်တိုဘာ ၁၅

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန် အသင်းက ကမ္ဘောဇ အသင်းကို ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်း ငါးဂိုး။

(ရန်ပိုင်–နှစ်ဂိုး၊ စိုးမြတ်မင်း–နှစ်ဂိုး၊ ဇော်ထိုက်–တစ်ဂိုး)

ကမ္ဘောဇအသင်း တစ်ဂိုး။

(ကျော်သီဟ)

ဒိုင်လူကြီး ဦးဝင်းချို။

ဘဏ္ဍာ/အခွန်အသင်းသည် ကွင်းဖွင့်ဖလားပြိုင်ပွဲ၏ ရှုံးကြွေးကို ဂိုးပြတ်အနိုင်ရရှိပြီး ပေးဆပ်နိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားခဲ့ကြပြီး ဘဏ္ဍာ/အခွန်အသင်းမှ ရန်ပိုင်က ၁၁မိနစ်တွင် ပထမဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းမှ ဂိုးရရှိရေး ဆက်လက်ကြိုးစားကစားခဲ့ရာ ၂၈ မိနစ်တွင် စိုးမြတ်မင်းက ဒုတိယဂိုးကိုလည်းကောင်း ရန်ပိုင်က မိနစ် ၃၀တွင် တတိယဂိုးကို သွင်းယူခဲ့ကြသည်။

ဒုတိယပိုင်းတွင် ကမ္ဘောဇအသင်းသည် ချေပဂိုးရရှိရေးအတွက် ပိုမိုကြိုးစားခဲ့ရာ အနိုင်ဂိုးသွင်းခွင့် သုံးကြိမ်ခန့် ရရှိခဲ့သော်လည်း ဂိုးသွင်းမသေချာ၍ ချေပဂိုး မရရှိခဲ့ချေ။ ၈၂ မိနစ်တွင် ကမ္ဘောဇအသင်းမှ ကျော်သီဟက နှစ်သိမ့် ချေပဂိုးသွင်းယူခဲ့သည်။ ချေပဂိုးပေးလိုက်ရပြီးနောက် ဘဏ္ဍာ/အခွန်အသင်းမှ ဂိုးရရှိရေး ထပ်မံကြိုးစားခဲ့ရာ ၈၆ မိနစ်တွင် ရန်ပိုင် အစားဝင်ကစားသည့် ဇော်ထိုက်က စတုတ္ထဂိုး သွင်းယူခဲ့သည်။ မိနစ် ၉၀ တွင် စိုးမြတ်မင်းက ပဥ္စမမြောက် ပွဲသိမ်းဂိုးကို သွင်းယူခဲ့သဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်းသည် ငါးပွဲကစား ငါးပွဲနိုင် ၁၅ မှတ်၊ ကမ္ဘောဇအသင်းက ငါးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ခုနစ်မှတ်ရရှိထားသည်။

(ကြေးမုံ)

ဖွင့်လှစ်

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အဖွဲ့ချုပ်အမှုဆောင်အဖွဲ့ဝင်နှင့် နည်းပြဆရာကြီးဦးနေဝင်းမောင် အမှတ်တရ စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲတွင် ဆရာကြီး ဦးနေဝင်းမောင် မိသားစုက ပထမ ရွှေ့ကွက်ကို ရွှေ့၍ဖွင့်လှစ်ပေးစဉ်။

(အား/ကာ)

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့ အနီး၌ တည်ဆောက်လျက်ရှိသော ဝိပဿနာစေတီတော်ကြီးအတွက် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၅

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက အုတ်မြစ်တော်စီပေးတော်မူခဲ့ကြပြီး မြန်မာနိုင်ငံမှ ဆရာတော်ကြီးများက စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဩဝါဒါစရိယ ဆရာတော်များအဖြစ် ဆောင်ရွက်၍ ကမ္ဘာ့ဝိပဿနာတရားပြ ဆရာကြီးဦးဂိုအင်ကာက ဦးဆောင်ကာ အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့အနီး၌ တည်ဆောက်လျက်ရှိသော ဝိပဿနာစေတီတော်ကြီးအတွက် ဒုတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာ ဓမ္မခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူတော်ငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကိုပြန်လည်ပေးအပ်သည်။

မှတ်တမ်းတင်ဂုဏ်ပြု

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသည့် ကမာရွတ်မြို့နယ်အင်းလျားလမ်းနေ ဒေါ်မှိုမှိုလင်း မိသားစုက အမေရိကန်ဒေါ်လာ ၂၀၀၀၀နှင့် ဒေါ်စိုးစိုး မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဒေါ်ရဲမာက အမေရိကန်ဒေါ်လာ ၁၀၀၀၊ ပါရမီသဇင်မြိုင်လမ်းနေ ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)–ဒေါ်နီနီတင် မိသားစုက ငွေကျပ် ၁၀သိန်း၊ ဒေါ်အမာနှင့် သား ဦးစံလင်း–ဒေါ်ခင်သန်းဝင်း၊ မြေးမေဦးလင်းမိသားစုက ငွေကျပ် ၁၀သိန်း၊ လမ်းမတော်မြို့နယ် (၁၃) လမ်းနေ ဒေါ်အင်စိန်နှင့် သားသမီးမြေးများက ငွေကျပ် ၁၀သိန်း၊ မရမ်းကုန်းမြို့နယ် ကန်ရိပ်သာလမ်းနေ ဦးရင်ဖန်–ဒေါ်နုနုမိသားစုက ငွေကျပ် သုံးသိန်း၊ အနော်ရထာအိမ်ရာနေ ဦးမြတ်လှ–ဒေါ်အေးအေးမိသားစုက ငွေကျပ် သုံးသိန်း၊ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာနေ ဦးစိုးတင့်–ဒေါ်မြင့်မြင့်ကြည် မိသားစုက ငွေကျပ်သုံးသိန်း၊ ကမာရွတ်မြို့နယ် သံလွင်လမ်းနေ ဦးကြင်သာမဏိ – ဒေါ်ဘူးမားဒေဝီ မိသားစုက ငွေကျပ် သုံးသိန်း၊ လမ်းမတော်မြို့နယ် (၇) လမ်းနေ ဦးထွန်းကြည်–ဒေါ်လှရွှေ မိသားစုက ငွေကျပ်နှစ်သိန်းနှစ်သောင်း၊ ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်း မြန်မာ့မီးရထားအရာရှိ အိမ်ရာနေ ဦးလှထွန်း–ဒေါ်ကျင်မွှေး(ခ)ဒေါ်အေးအေး မိသားစုက ငွေကျပ်နှစ်သိန်း၊ ဗိုလ်တထောင်မြို့နယ် လမ်း(၅၀)နေ ဦးဝင်းမြင့်–ဒေါ်ခင်မျိုးယဉ်၊ သမီးခင်သူဇာဝင်းမိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း၊ ရန်ကင်းမြို့နယ် ဘောက်ထော် ဘူတာရုံလမ်းနေ ဦးရွှေသန်း–ဒေါ်နုနုခင် မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဗဟန်းမြို့နယ် သာယာဝတီလမ်းနေ ဦးမောင်ရွှေ–ဒေါ်နီနီရွှေ မိသားစုက ငွေကျပ် တစ်သိန်းလေးသောင်း ခြောက်ရာနှစ်ဆယ့်နှစ်ကျပ်၊ လက်ပံတန်းမြို့(၂)လမ်းနေ ဒေါ်ကျင်ကျင်လေး၊ သမီးဒေါ်ကြူကြူ၊ ဒေါ်မြမြ၊ ဒေါ်ကြွယ်ကြွယ် မိသားစုက ငွေကျပ် တစ်သိန်းသုံးသောင်း၊ သုဝဏ္ဏစုပေါင်းအိမ်ရာ ကံကော်မြိုင်လမ်းနေ ဒေါ်သန်းသန်းမြင့်နှင့် သားသမီးမြေးတစ်စုက ငွေကျပ်တစ်သိန်းနှစ်သောင်း၊ တောင်ကြီးမြို့နေ ဦးတင်ဖေ–ဒေါ်ဖွားမေ၊ အစ်မ ဒေါ်တင်တင်တို့က ငွေကျပ် တစ်သိန်းတစ်သောင်း၊ ရန်ကုန်မြို့၊ အောက်ပုဇွန်တောင် လမ်းမကြီးနေ ဒေါ်ထားထား၊ သားသမီးမြေးတစ်စုက ငွေကျပ်တစ်သိန်းတစ်ထောင်၊ စမ်းချောင်းမြို့နယ် မြင့်မိုရ်လမ်းနေ ဦးတင့်ဝေ–ဒေါ်မူမူမိသားစု၊ ပုဇွန်တောင်မြို့နယ်ရေကျော် နှင်းပန်းလမ်းနေ ဒေါ်မြသစ်အောင်မိသားစု၊ တာမွေမြို့နယ် ကျောက်မြောင်းဣန္ဒာသယလမ်းနေ ဒေါ်ခင်ဝိ၊ ဒေါ်အမာ၊ ဒေါ်တင်တင်ယုံနှင့် မမာလာမိသားစု၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနေ ဦးအုန်းခင်–ဒေါ်ခင်မြမိသားစု၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနေ ဒေါ်ခင်ကြည်နှင့် ဒေါ်ခင်ရီမိသားစု၊ မရမ်းကုန်းမြို့နယ် (၈)မိုင်နေ ဦးခင်မောင်သန်း–ဒေါ်တင်တင်ဝင်း၊ သားချစ်ကိုကို မိသားစု၊ ကမ္ဘာအေးစေတီလမ်းနေ ဦးကိုကိုကြီး၊ ဒေါ်မြင့်သိန်း၊ ဒေါ်သန်းသန်းထွဋ် မိသားစု၊ တာမွေမြို့နယ် ကျောက်မြောင်း ရတနာလမ်းနေ ဦးသိန်းထွေး–(ဒေါ်စိန်စု) မိသားစု၊ (၂၉)ရပ်ကွက် သုဝဏ္ဏရွှေဝါထွန်းလမ်းနေ ဦးဇာနည်အောင်မိသားစု၊ ကြည့်မြင်တိုင်မြို့နယ် ရိပ်သာ (၈)လမ်းနေ ကိုအောင်ရှိန်မိသားစု၊ အလုံမြို့နယ် ဂဠုန်ရပ်ကွက် စက်တွင်းလမ်းနေ ဦးဟန်မြင့်မိသားစု၊ အမှတ်(၈) သာသနာ့ရိပ်သာလမ်း မဟာစည်နေ ဦးတင်ဦး–ဒေါ်မွှေးမိသားစု၊ ကမာရွတ်မြို့နယ် မြကန်သာ(၁)လမ်းနေ ဦးစိန်ထွန်း–ဒေါ်ခင်သန်းအေးမိသားစု၊ တောင်ဥက္ကလာပမြို့နယ်မှ ဦးကြည်ထွန်း–ဒေါ်ခင်ပြုံးရီ (တာရာလင်းရေခဲမုန့်)မိသားစု၊ အလုပ်သမားဆေးရုံကြီးဆရာဝန်များ ရိပ်သာနေ ဒေါ်ကြည်မိသားစု၊ မရမ်းကုန်းမြို့နယ် (၈)မိုင်ခွဲ ရွှေနှင်းဆီလမ်းနေ ဦးရွှေသန်း–ဒေါ်ခင်ခင်အေး မိသားစု၊ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနေ ဦးစံလင်း–ဒေါ်ခင်သန်းဝင်း၊ သမီး မေဦးလင်း မိသားစု၊ ဒေါ်မြသိန်း မိသားစု၊ ဒေါ်တင်မေဝင်း၊ ဒေါ်တင်မေလင်း၊ ဒေါ်ခင်ခင်ဆွေနှင့် မောင်မြတ်မင်းစိုး မိသားစု၊ ဒေါ်ကြင်မိ၊ သားသမီးမြေးတစ်စုက နှစ်ဖက်သော ဘိုးဘိုးဘွားဘွားများအား ရည်စူး၍ ဦးကြိုင်စန်းရွှေ–ဒေါက်တာခင်ဝင်းစိန်၊ သား သီဟရွှေ၊ သမီးအေးသီတာရွှေ မိသားစု၊ အမှတ်(၁၀၂/ဒီ) Deitapiaza မှ U SAI PAN AUNG, SAO OHNMAR & FAMILY၊ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာ ဥယျာဉ်နေ ဒေါက်တာဦးသောင်းမြင့်၊ ဒေါ်မျိုးမြင့်ထွေး (မျိုးမဟာ) မိသားစု၊ ဗဟန်းမြို့နယ် အမှတ်(၁) စက်မှုအရာရှိ ရိပ်သာနေ ဒေါက်တာ သန္တာအေး မိသားစု၊ မိုးကုတ်နေ ဦးမိုင်းလား၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနေ ဒေါက်တာထွန်းအောင်၊ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း၊ သဇင်မင်း အိမ်ရာနေ ဒေါ်သောင်းသောင်းဝင်း မိသားစု၊ ရခိုင်ပြည်နယ် ဘူးသီးတောင်နေ ဗိုလ်ကြီးမောင်မောင်မြင့်–ဒေါ်လှဲ့လှဲ့ဦးမိသားစု၊ ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းနေ ဒေါ်မြမေမိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ ရွှေဂုံတိုင်အရာရှိ ရိပ်သာနေ ဗိုလ်ကြီးစည်သူဝင်း–ဒေါက်တာဝင်းပပနိုင်မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၊ တာမွေမြို့နယ် ကျောက်မြောင်း ဇဋိလလမ်းနေ မင်းချစ်သူ–သစ်သစ်မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၊ လမ်းမတော်မြို့နယ် အထက်ဝါးတန်းလမ်းနေ ဒေါ်ခင်စောလှက ငွေကျပ်ကိုးသိန်းငါးသောင်း တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ အိန္ဒိယမှ ယောဂီတစ်ဦးက ငွေကျပ်တစ်သိန်းလေးသောင်းတန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းနေ ဒေါ်ခင်သွဲ့မော်၊ ဦးလှမင်း မိသားစုက ငွေကျပ် တစ်သိန်းနှစ်သောင်း၊ ခုနစ်ထောင်တစ်ရာ့ရှစ်ဆယ် ခုနစ်ကျပ်ကျော် တန်ဖိုးရှိ ကျောက်ဖြူဆွဲသီးတစ်ကုံးနှင့် ပုလဲဆွဲသီး တစ်ကုံး၊ ကျောက်တံတားမြို့နယ် လမ်း(၄၀)နေ ဒေါ်သန်းနွဲ့ မိသားစုက ငွေကျပ်တစ်သိန်းနှစ်သောင်းကျော်တန်ဖိုးရှိ ပတ္တမြားဟန်းချိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အလှူတော် ငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင် ၅၄ဦးတို့၏ လှူဒါန်းငွေမှာ စုစုပေါင်းငွေ ၉၆၅၈၈၀၉ ကျပ်၊ အမေရိကန်ဒေါ်လာ ၂၂၂၀၀ နှင့် ကျောက်ဖြူဆွဲသီးတစ်ကုံး၊ ပုလဲဆွဲသီး တစ်ကုံးနှင့် ပတ္တမြားဟန်းချိန်းတို့ ဖြစ်သည်။ (သတင်းစဉ်)

မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လဆရာတော်ကြီးအား (၁၆)ကြိမ်မြောက် အာစရိယပူဇာကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ ဆရာတော်ကြီးအား ၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ အောက်တိုဘာ ၁၈ ရက် အင်္ဂါနေ့ ညနေ ၃ နာရီတွင် ပြည်မြို့ စိန္တမယသိဒ္ဓိဓမ္မဗိမာန်တော်ကြီး၌ (၁၆) ကြိမ်မြောက် အာစရိယပူဇာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများ လာရောက်ပူဇော်ကန်တော့နိုင်ရန် ဖိတ်ကြားထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆေးဝါးစက်ရုံ အရာရှိရိပ်သာနေ ဦးဇော်ဝင်း–ဒေါ်အေးအေးမြင့်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က–ပ)

မြန်မာနိုင်ငံ၌ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးစီးကျင်းပသည့် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် မြန်မာနိုင်ငံက ဦးဆောင်တာဝန်ယူထားသည့် လယ်ယာကဏ္ဍနှင့် စက်မှုလက်မှု ဖွံ့ဖြိုးရေးလုပ်ငန်း အဖွဲ့ခွဲအဖွဲ့ဝင်ငါးနိုင်ငံ ညှိနှိုင်းအစည်းအဝေး၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်သော မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးအလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဌာနအကြီးအကဲများ၊ ထိုင်းနိုင်ငံမှ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများနှင့် ကုန်သည်ကြီးများ တက်ရောက်ကြသည်။

ပြောကြား

အလုပ်ရုံဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် Dr. Suthiporn Chirapandaတို့က အမှာစကားပြောကြားကြသည်။

ကျင်းပပြီးစီး

ထို့နောက် မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍစီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်သော အခွင့်အလမ်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးညှိနှိုင်းကြပြီး မွန်းလွဲ ၂နာရီတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် အောက်တိုဘာ ၁၅

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်အေးနှင့် ဦးခင်မြင့်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့တွင် တရားရုံးချုပ်(ရန်ကုန်) ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု လေးမှု၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုသုံးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ (၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု လေးမှုကိုလည်း ရုံးထိုင်ကြားနာကြသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့ ဝိပဿနာ စေတီတော်ကြီးအတွက် ဒုတိယအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် သာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

သီတင်းကျွတ်လပြည့်နေ့တွင် တရားတော်များဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၅

၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၇ ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသက လည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်း ဦးစီး ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသက လည်းကောင်း၊ ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည်
တရားနာရာအကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာ နာကြားရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ် စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
စစ်ကိုင်းတောင်ရိုး၊ သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇနဟိတရေ၊ သီတဂူကြယ်တပွင့်၊ အရှင်ပညာနန္ဒ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့် တနင်္လာနေ့ (၁၇-၁၀-၂၀၀၅)	**ကျင်းပမည့်နေ့ရက်**
ဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက် အင်္ဂါနေ့ (၁၈-၁၀-၂၀၀၅)	**၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်နေ့ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်နေ့မှ (၂၅)ရက်နေ့ထိ**
ရွှေဘိုမြို့ပုခန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက(အဖွဲ့ဝင်) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၂)ရက် ဗုဒ္ဓဟူးနေ့ (၁၉-၁၀-၂၀၀၅)	
တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယော)ဆရာတော်	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၃)ရက် ကြာသပတေးနေ့ (၂၀-၁၀-၂၀၀၅)	**ကျင်းပမည့်နေရာ**
မွန်ပြည်နယ်၊ မုဒုံမြို့၊ ဓမ္မဒူတကျောင်းတိုက် ပဓာန နာယက ဂဏဝါစက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တကောသလ္လ(မုဒုံဆရာတော်)	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၄)ရက် သောကြာနေ့ (၂၁-၁၀-၂၀၀၅)	**မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓာကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။**
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၅)ရက် စနေနေ့ (၂၂-၁၀-၂၀၀၅)	
တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၆)ရက် တနင်္ဂနွေနေ့ (၂၃-၁၀-၂၀၀၅)	
အနောက်ဂန့်ဂေါ မုံလယ်တောရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၇)ရက် တနင်္လာနေ့ (၂၄-၁၀-၂၀၀၅)	**ကျင်းပမည့်အချိန်**
စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတရေ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph. D	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက် အင်္ဂါနေ့ (၂၅-၁၀-၂၀၀၅)	**ညစဉ်(၇:၀၀)နာရီ**

ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းနေ ကျေးဇူးရှင်(ဆရာကြီး ဒေါ်နန္ဒမာလာ) နှင့် ဖခင် (ဦးစိန်တိုး) မိခင် (ဒေါ်စောခင်)တို့အား ရည်စူး၍ သမီး ဒေါ်မြင့်မြင့်စိန်က အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေး နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ရေစက်ချတရားနာပြီး ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကရင်မလင်တင်းနစ်ပြိုင်ပွဲ ကွာတားပွဲများကျင်းပ ကမ္ဘာ့အဆင့်တစ်နှင့် လက်ရှိချန်ပီယံတို့ ရှုံးနိမ့်

မော်စကို အောက်တိုဘာ ၁၄

ရုရှားနိုင်ငံ ကရင်မလင် တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲများကို အောက်တိုဘာ ၁၄ ရက်ကျင်းပရာ ကမ္ဘာ့နံပါတ်(၁) အဆင့်ရှိသူ မာရီယာ ရှာရာပိုဗာနှင့် ကရင်မလင် တင်းနစ်လက်ရှိချန်ပီယံ အင်နာစကာ၊ ဆီယာ၊ မာစကီးတို့သည် ၎င်းတို့၏ပြိုင်ဘက်များနှင့် အသီးသီး ယှဉ်ပြိုင်ကစားကြရာ ၎င်းတို့နှစ်ဦးစလုံး တစ်နိုင်ငံတည်းသူ တင်းနစ်အားကစားမယ်များကို ရှုံးနိမ့်သွားကြသည်။

မာရီယာ ရှာရာပိုဗာသည် ယှဉ်ပြိုင်ဘက် ဒီနာရာ ဆာဖီနာကို ၆-၁၊ ၄-၆၊ ၅-၇နှင့် ရှုံးနိမ့်သွားသည့်အတွက် ပြိုင်ပွဲမှ ထွက်လိုက်ရသည်။ ဆာဖီနာသည် အကြိုဗိုလ်လုပွဲတွင် ပြင်သစ်တင်းနစ်မယ် ပီယာစီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တစ်ရက်တည်းတွင် ကျင်းပသော အခြားကွာတား ဖိုင်နယ်ပွဲတွင် အင်နာစကာဆီယာ မာစကီးနာသည် ရုရှားတင်းနစ်မယ် ရယ်လီနာ ဒီမင်တီယယ်ဗာကာနှင့် ယှဉ်ပြိုင်ကစားရာတွင် လက်ရှိချန်ပီယံက ယှဉ်ပြိုင်ဘက် ဒီမင်တီယယ်ဗာကို ၂-၆၊ ၃-၆ ဖြင့် ရှုံးနိမ့်သွားသည်။

အနိုင်ရသွားသူ ဒီမင်တီယယ်ဗာသည် အကြိုဗိုလ်လုပွဲတွင် အီတလီအားကစားမယ် ဖရန်စစ်ကာစချီရာဗိုနာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အင်တာနက်။

ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် တည်ဆောက်ဆဲ သုံးထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်သုံးသိန်းကို အလှူရှင် ဒါယိကာမကြီး ဒေါ်မြသန်း (တစ်နှစ်ပြည့်) အားရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်လမ်း၊ ကျိုက်တော်အိမ်ရာနေ အစ်မဒေါ်မြရီ၊ သမီး ဘေဘီသန်းက လယ်တီစံသာသနာ့ရိပ်သာ အကျိုးတော်ဆောင် စာရင်းစစ် ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၁၅

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မကွေးတိုင်းတွင် ဒေသအလိုက်၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆:၃ဝနာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မွန်ပြည်နယ်၊ ဧရာဝတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းနေ ဦးဝဏ္ဏ (ကာတွန်းမောင်ဝဏ္ဏ)+ဒေါ်ပြုံးမိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ စာရင်းစစ် ဒေါ်စီစီမာနှင့် ပြန်ကြားရေးအဖွဲ့ခေါင်းဆောင် ဦးချိုသန်းတို့ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဘုရားအနေကဇာတင် ရွှေသင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်း သုံးခွမြို့ မင်းကျောင်း ကျောင်းတိုက်အတွင်းရှိ ဓမ္မသုခဓမ္မာရုံတွင် ကိန်းဝပ်စံပယ်တော်မူသည့် ရှစ်ကျိုပ်တစ်ဆူသော ဗုဒ္ဓရုပ်ပွားတော်များနှင့် ရဟန္တာအရှင်မြတ်များအား ပြည်သာဦး စေတီတော် ဂေါပကအဖွဲ့နှင့် ခုနစ်ရက်သားသမီးများ စုပေါင်း၍ ရောင်တော်ဖွင့်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပပြီး မင်းကျောင်း ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နာယကဆရာတော်ကြီး အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆက်ကပ်ကာ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၁၇ ရက်(တနင်္လာနေ့)တွင် ရေစက်သွန်းချမည်ဖြစ်သည်။ (က-ပ)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅)ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်များနှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားသည်။

ထို့နောက် ထူးချွန်အသင်းသား အသင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့ဆက်ဆံရေး ထူးချွန်ဆုရရှိသူ ယာယီအတွင်းရေးမှူး ဦးဇော်လင်းနှင့် လူမှုရေးထူးခြားစွာဆောင်ရွက်ခဲ့သူ စည်းရုံးရေးမှူး ဦးထိန်ဝင်း၊ စွယ်တော်မြတ်စေတီတော် မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ပထမဆုရရှိသူ တွံတေးမြို့နယ်မှ ဒေါ်စိုးစိုးမိုးနှင့် ဒေါ်မာမာချို၊ လသာမြို့နယ်မှ ထူးချွန်အရန်မီးသတ်ဆု ရရှိသူ ဒုတိယတပ်ရင်းမှူး ရဲကျော်စွာအောင်လှနှင့် ရွှေပြည်သာမြို့နယ်မှ ထူးချွန်ကြက်ခြေနီဆုရရှိသူ တပ်ခွဲအရာခံဗိုလ်ချိုမာသန်းတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော တိုင်း၊ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်များ၏ သားသမီးများအား ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ငါးဘာသာ ဂုဏ်ထူးရှင် မောင်နေထက်မင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

ဆုပေးအပ်ချီးမြှင့်

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)တွင် မင်္ဂလာတောင်ညွန့်မြို့နယ်မှ လူမှုရေးထူးခြားစွာ ဆောင်ရွက်ခဲ့သူ စည်းရုံးရေးမှူး ဦးထိန်ဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲများ ဆက်လက်ရောင်းချ ဈေးပြိုင်စနစ်ဖြင့် အပြိုင်အဆိုင် ဝယ်ယူ

ရန်ကုန် အောက်တိုဘာ ၁၅

၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့အဖြစ် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့ လာရောက်၍ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုများကို ကြည့်ရှုအားပေးကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၃ နာရီမှည ၁၂ နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၇၈ တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲ ၁၁၄ တွဲကို ရောင်းချခဲ့ရသည်။

ဆက်လက်ရောင်းချ

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့ နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၅၅ တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။ (သတင်းစဉ်)

ပခုက္ကူမြို့ မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် အောက်တိုဘာ ၁၅

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ အချိန်တွင် ပခုက္ကူမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၆၆ မီလီမီတာ (၂ဒသမ ၆၀) လက်မသည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ကိုးနှစ်အတွင်း အောက်တိုဘာလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ် ဖြစ်သည်။

ယခင် စံချိန်ဟောင်းမှာ မီလီမီတာ ၆၀ (၂ဒသမ၃၆)လက်မ ဖြစ်ပြီး ၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ဆောင်းပါး အညွှန်း

✳ အဘိဓမ္မာ တရားတော်ကား ပရမတ္ထဒေသနာ ဖြစ်သည် အားလျော်စွာ ဝိနည်းတရားတော်ကဲ့သို့လည်း အပြစ်ကြီး၊ အပြစ်ငယ်ကို မရှု၊ သုတ္တန်တရားတော်ကဲ့သို့လည်း တရားနာခံသူ ဝေနေယျတို့၏ အလိုအကြိုက် စရိုက်ကို မကြည့် မငဲ့ဘဲ ဓမ္မသဘာဝ အရှိကို အရှိအတိုင်း ဖော်ပြဟောတော်မူအပ်သော တရားတော်ဖြစ်သည်။

ကထိကရဟန်း၏ **“အဘိဓမ္မာတရားတော်”** (ဆောင်းပါး)

(စာမျက်နှာ–၆)

ဈေးပြိုင်စနစ်

၂၀၀၅ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ၌ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချစဉ်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။